ထိန်းချုပ်မှုအောက်ကမြစ်ရွှေလီ

မြန်မာနိုင်ငံတွင် စစ်ပွဲများဆက်လက်ဖြစ်ပွားနေသော်လည်း ဆည်တည်ဆောက်ရေးလုပ်ငန်းများ ရှေ့ဆက်နေခြင်း

၂၀၁၁ ခုနှစ်မှ ထုတ်ဝေသည်

အစီရင်ခံစာ အကြောင်း

မြန်မာနိုင်ငံတွင် စစ်ပွဲများဆက်လက်ဖြစ်ပွားနေသော်လည်း ဆည်တည်ဆောက်ရေးလုပ်ငန်းများ ရှေ့ဆက်နေခြင်း။၂၀၁၁ ခုနှစ်၊ နိုဝင်ဘာလတွင် ထုတ်ဝေဖြန့်ချီသည်။ ယခုအစီရင်ခံစာနှင့် ပတ်သက်၍ တအာင်းကျောင်းသား လူငယ်များအဖွဲ့သည် ရွှေလီရေအားလျှပ်စစ် စီမံကိန်း အမှတ် (၁) နှင့် ပတ်သက်၍ ၂၀၀၇ ခုနှစ်၊ ဒီဇင်ဘာလ ၃ ရက်နေ့တွင် "စစ်ဖိနပ်အောက်တွင်" **(Under the Boot)** အမည်ရှိ အစီရင်ခံစာကို ထုတ်ပြန်ခဲ့ပါသည်။ ၎င်းအစီရင်ခံစာတွင် ရွှေလီအမှတ် (၁) ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်နေမှုနှင့် အကျိုးဆက်အဖြစ် တအာင်းလူထု များအပေါ် ထိခိုက်သက်ရောက်နေပုံများကို တင်ပြခဲ့ပါသည်။ ယခုအစီရင်ခံစာသည် ယခင် "စစ်ဖိနပ်အောက်တွင်" အစီရင်ခံစာ၏ နောက်ဆက်တွဲ တင်ပြချက်ဖြစ်ပြီး၊ ရွှေလီအမှတ် (၂)၊ (၃) ရေအားလျှပ်စစ်စီမံကိန်းများ၏ ဆိုးကျိုးသက်ရောက်နေပုံများကို တင်ပြထားပါသည်။

တအာင်းကျောင်းသားလူငယ်များအဖွဲ့ **(TYSO)**သည် "စစ်ဖိနပ်အောက်တွင်" အစီရင်ခံစာ ထုတ်ပြန်ခဲ့ချိန် ၂၀၀၇ခုနှစ်မှစ၍ ဆည်တည်ဆောက်ရာနေရာများတွင် အခြေအနေကို ဆက်လက်လေ့လာနေခဲ့ပါသည်။ ဒေသခံသုတေသနပြုသူများက စီမံကိန်းများကြောင့် ထိခိုက် နစ်နာနေရသည့် ကျေးရွာလူထုများ၊ ရပ်ရွာခေါင်းဆောင်များ၊ သစ်ထုတ်လုပ်သူများ၊ အလုပ် သမားများနှင့် ၂၀၁၀ခုနှစ်တွင် ၃–လတာမျှ တွေ့ဆုံမေးမြန်းခဲ့ပြီး၊ ၂၀၁၁ခုနှစ်တွင်လည်း ၃–လကြာ တွေ့ဆုံမေးမြန်း မှုများ ပြုခဲ့ပါသည်။ မိုးမိတ်၊ နမ့်ခမ်းနှင့် မန်တုန်မြို့နယ် ၃–ခုကို အခြေပြုကာ လေ့လာခဲ့ခြင်း ဖြစ်သည်။ တွေ့ဆုံမေးမြန်းခဲ့သူ ကျေးရွာလူထုများထံမှ သူတို့နှင့်မေး မြန်းခဲ့သည့် အချက်အလက်များကို အသုံးပြုခွင့်လည်း မေးမြန်းစဉ်တွင် တောင်းခံခဲ့ပါသည်။ သို့ သော်လည်း ထိုသူများ၏ ကိုယ်ရေးအချက်အလက်မှန်များကို လုံခြုံရေးအခြေအနေကြောင့် ထိန်ချန်ထားရပါသည်။ အခြားသတင်းအချက်အလက်များကို ဒုတိယရင်းမြစ်များမှ စုဆောင်းလေ့ လာခဲ့ပြီး၊ တိုက်ဆိုင်စစ်ဆေးမှုများလည်း ပြုခဲ့ပါသည်။

ယခုစီမံကိန်းဆိုင်ရာ အချက်အလက်များသည် လျှို့ဝှက်ထိန်ချန်ထားသည်နှင့်အမျှ၊ မြန်မာစစ်အစိုး ရက ဆည်တည်ဆောက်ရာ နေရာများသို့ သွားရောက်ခွင့်ကို တင်းကျပ်စွာ ပိတ်ပင်ထားရာ၊ ယခု အစီရင်ခံစာ ပေါ်ထွက်လာရေးအတွက် ခက်ခဲပင် ပန်းစွာ ကြိုးပမ်းခဲ့ကြရပါသည်။ သို့သော်လည်း ဆည်တည်ဆောက်ရာနေရာ ဒေသများတွင် မည်သို့ဖြစ်ပျက်နေသည်ကို အမှန်အတိုင်း တင်ပြရန် မိမိတို့က သံန္နိဋ္ဌာန်ချထားကြပြီး၊ ဆည်များကြောင့် ထိခိုက်နစ်နာနိုင်သည့် အခြေအနေကို ဒေသခံ ကျေးရွာလူထုများထံသို့ ပညာပေးမှုများလည်း ပြုလုပ်နေခဲ့ပါသည်။ ထိုကျေးရွာလူထုများအနေဖြင့် သူတို့၏ စိုးရိမ်ပူပန်ချက်၊ ထိခိုက်နစ်နာနေရမှု အခြေအနေများကို သူတို့၏ အခွင့်အရေး အပြည့်အဝအသုံးချ၍ တင်ပြနိုင်ရန်လည်း ပံ့ပိုးဆောင်ရွက် ပေးနေပါသည်။ မျက်နှာဖုံးဓာတ်ပုံ။ ။ ရွှေလီ အမှတ် (၁) ရေအားလျှပ်စစ် စီမံကိန်းရှိ မြန်မာစစ်တပ် တပ်စခန်းတစ်ခု။

မာတိကာ

မြေပုံ။ ။ ရွှေလီမြစ်ပေါ်ရှိ ဆည်များ................................ ၂
အကျဉ်းချုပ်................................ ၃
နိဒါန်း................................ ၅
ရွှေလီမြစ်ကြောင်း တလျှောက်ရှိ လူနေမှုဘဝအခြေအနေများ................................ ၉
တအာင်း ပြည်သူများ................................ ၁၀

ရွှေလီ အမှတ် (၁) ရေအားလျှပ်စစ် စီမံကိန်း................................ ၁၁

ရွှေလီ အမှတ် (၂) ရေအားလျှပ်စစ် စီမံကိန်း................................ ၁၃

တရုတ်နှင့် မြန်မာကုမပဏီများက ရွှေလီ အမှတ် (၂) ရေအားလျှပ်စစ် စီမံကိန်းကို ဆက်လက်တည် ဆောက်ရန် ရှိနေခြင်း................................ ၁၄

မြေပုံ။ ။ ရွှေလီရေကာတာအတွက် စစ်သားစုဆောင်းခြင်းနှင့် လမ်းသစ်ဖောက်လုပ်ခြင်း. ၁၅

ရွှေလီမြစ်၏ ဂေဟစံနစ် ပျက်စီးရမည့် အန္တရာယ်နှင့် ခြိမ်းခြောက်ခံနေရခြင်း။................................ ၁၇

လက်နက်ကိုင် လုံခြုံရေးများအကြား၌ ဆည်တည်ဆောက်ရေး စီမံကိန်းကို စတင်နေခြင်း။.. ၁၈

ဒေသခံလူထုများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပျက်စီးစေခြင်း။................................ ၂၂

အမျိုးသမီးများအပေါ် ထိခိုက်နစ်နာမှု။................................ ၂၄

စစ်ပွဲများ စတင်ဖြစ်ပေါ်လာပြီး၊ ဆည်တည်ဆောက်ရေး စီမံကိန်းယာယီ ရပ်ဆိုင်းထားခြင်း။. ၂၅

ရွှေလီ အမှတ် (၃) ရေအားလျှပ်စစ် စီမံကိန်း................................ ၂၆

ရွှေလီ အမှတ် (၃) ရေအားလျှပ်စစ် စီမံကိန်း တည်ဆောက်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေး ထိုးခြင်း။................................ ၂၇

စစ်သားများ ဝင်ရောက်နေရာချလာခြင်း။................................ ၂၇

ရွှေလီ အမှတ် (၃) ရေအားလျှပ်စစ် စီမံကိန်းနေရာသို့ လမ်းအတွက် မြေများ သိမ်းပိုက်ခြင်း။. ၂၇

အဓမ္မနေရာ ပြောင်းရွှေ့စေခြင်း။................................ ၂၉

ဇယား။ ။ ရွှေလီ အမှတ် (၃) စီမံကိန်းကြောင့် ထိခိုက်နစ်နာရမည့် ရေလွှမ်းဇုံ။................................ ၃၂

မြေပုံ။ ။ ရွှေလီ ရေကာတာ အမှတ် (၂) နှင့် (၃) စီမံကိန်းကြောင့် ခန့်မှန်းခြေရေလွှမ်းမည့် ဒေသများ................................ ၃၃

ဇယား။ ။ အမှတ် (၃) ရေကာတာကြောင့် ခန့်မှန်းခြေ ရေလွှမ်းနိုင်မည့် မြေယာများ. ၃၃

ရွှေလီမြစ်ကြောင်းတလျှောက် သစ်ထုတ်လုပ်ငန်းများ။................................ ၃၄

မူးယစ်ဆေးဝါး လွတ်လပ်စွာ သုံးစွဲခွင့်နှင့် စီမံကိန်း ဇုံအတွင်း ရောင်းဝယ်နေကြခြင်း။..... ၃၆

အနည်းငယ်မျှသော အကျိုးရလဒ်များ။................................ ၃၈

နိဂုံး................................ ၄၀
အကြံပြုချက်များ................................ ၄၀
နောက်ဆက်တွဲများ................................ ၄၂

ရွှေလီမြစ်ပေါ်တွင် တည်ဆောက် မည့်ဆည်များ





မြေပုံ။ ။ရွှေလီမြစ်ပေါ်တွင် တည်ဆောက် မည့်ဆည်များ

ရွှေလီအမှတ် (၁) စီမံကိန်း– ၆၀၀ မဂ္ဂါဝပ်

ရွှေလီအမှတ် (၂) စီမံကိန်း– ၅၂၀ မဂ္ဂါဝပ် *

ရွှေလီအမှတ် (၃) စီမံကိန်း– ၁,၀၅၀ မဂ္ဂါဝပ် *

*Source: http://www.mrtv3.net.mm/open7/210710for.html

အကျဉ်းချုပ်

- မကြာသေးမီက ဧရာဝတီမြစ်ဆုံဆည် တည်ဆောက်မှုကို ဆိုင်းငံ့ထားခဲ့သော်လည်း၊ မြန်မာအစိုးရက တရုတ် နှင့် ဆွစ်နိုင်ငံမှ ကုမပဏီများနှင့်အတူ ဧရာဝတီမြစ်၏ မြစ်လက်တက်တစ်ခုဖြစ်သည့် ရွှေလီမြစ်ပေါ်တွင် ရေအားလျှပ်စစ်ဆည်ကြီး ၂-ခုကို တည်ဆောက်ရန် ပြင်ဆင်စီစဉ်လျက် ရှိနေ သည်။ ရွှေလီမြစ်သည် ရှမ်းပြည်နယ်အတွက် စီးပွားရေးအရသော်လည်းကောင်း၊ ယဉ်ကျေးမှုအရသော် လည်းကောင်း အရေးပါသည့် မြစ်တစ်စင်းဖြစ်ပြီး၊ အထူးသဖြင့် တအာင်း(ပလောင်)လူမျိုးများ အ တွက် အသက်သွေးကြောပင် ဖြစ်ပါသည်။
- တည်ဆောက်ရန် လျာထားသည့် ရွှေလီမြစ်ပေါ်မှ ဆည်များကြောင့် ခန့်မှန်းလူထု (၁၅,၀၀၀) ခန့် ထိခိုက်နစ်နာရမည် ဖြစ်ပါသည်။ ၂၀၁၃ ခုနှစ် မတိုင်မီ လူပေါင်း (၃,၀၀၀) ကို ပြောင်းရွှေ့ရန် အမိန့်ပေးထားပြီးဖြစ်သည်။ ဤသို့ ပြောင်းရွှေ့ရမှုကြောင့် နစ်နာရသည့်အတွက် လျော်ကြေးများ ပေးမည်ဟု အာမခံမှုလည်း မရှိပါ။
- ဆည်တည်ဆောက်ရာ နေရာအနီးတွင် လမ်းဖောက်လုပ်ခြင်းနှင့် စစ်စခန်းများ နေရာချထားမှု ကြောင့် ဒေသခံလူထုများ၏ မြေယာများနှင့် ရပ်ရွာပိုင်သစ်တော ဧက၇၀၀ခန့်ကိုလည်း သိမ်းပိုက်ခဲ့ပြီး ဖြစ်ပါသည်။ ဆည်အနီး စခန်းချထားသည့် မြန်မာစစ်တပ်များက ကျေးရွာလူထု များ ငါးဖမ်းရှာဖွေစားသောက်သည့် နေရာကို ကန့်သတ် နယ်မြေအဖြစ် ကြေညာခဲ့ပြီး၊ အမျိုးသမီးများအ ပေါ်လည်း ခရီးသွားလာခွင့်များ ကန့်သတ်ချုပ်ချယ်ခဲ့ပါသည်။ မြန်မာနှင့် တရုတ်ကုမပဏီများ၏ အကျယ်အပြန့်နှင့် စည်းကမ်းမဲ့ သစ်ထုတ်လုပ်မှုကြောင့် ဆည်အနီးရှိသစ်တော အများအပြားလည်း ပြုန်းတီးခဲ့ပြီ ဖြစ်ပါသည်။
- ကချင်လွတ်မြောက်ရေး တပ်မတော် **(KIA)** နှင့် မြန်မာစစ်တပ်များအကြား တိုက်ပွဲများ ဖြစ် ပွားလာသည့်အလျောက် ရွှေလီအမှတ်(၁) စီမံကိန်းနှင့် အမှတ်(၂) စီမံကိန်းအကြားရှိ ကျေးရွာတစ်ခုအနီးတွင် ၂၀၁၁ခုနှစ်၊ ဇွန်လ၌ တိုက်ပွဲများဖြစ်ပွားခဲ့ရာ တရုတ်လုပ်သားများ ထွက်ပြေးသွားခဲ့ကြရသည်။ ယနေ့ကာလအထိ တိုက်ပွဲများ ဆက်လက်ဖြစ်ပွားနေသလို၊ မည်သူ တစ်ဦးမျှ ပြန်လာခြင်း မရှိသေးပါ။ အမှတ်(၂) ဆည်တည်ဆောက်နေသည့် နေရာသို့ စစ်တပ်၏ ခွင့်ပြုချက်မပါဘဲ လူအများ သွားလာခွင့်ကို တားမြစ်ပိတ်ပင်ထားခဲ့ပါသည်။
- ရွှေလီမြစ်ပေါ်တွင် ပထမဦးဆုံးဆည်ကို ၂၀၀၈ ခုနှစ်၊ နှောင်းပိုင်းတွင် တည်ဆောက်ပြီးစီးခဲ့ပါသည်။ ဤသို့ဖြင့် ဒေသအတွင်းစစ်တပ်တိုးချဲ့ ချထားမှုများ များပြားလာပြီး၊ အဓမ္မလုပ်အားခိုင်းစေမှု များ၊ မြေယာသိမ်းပိုက်မှုများ ဖြစ်ပေါ်လာခဲ့ပါသည်။ ရွှေလီ အမှတ် (၁) ရေအားလျှပ်စစ် စီမံကိန်းမှ ထုတ်လုပ်သည့် လျှပ်စစ်အများစုကို တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချနေလျက် ရှိသည်။ ကျန်သည့် လျှပ်စစ်များကို မြန်မာစစ်တပ်အတွက်သာ အဓိကထား အသုံးပြုနေပြီး၊ တရုတ်တို့ထံမှ ကြီးလေး သောဈေးနှုန်းဖြင့် ပြန်လည်ဝယ်ယူသုံးစွဲနေကြရပါသည်။ သုံးစွဲသူများ အနေဖြင့်လည်း လျှပ်စစ်ပုံမှန် ရရှိခြင်း မရှိပါ။
- ရွှေလီမြစ်ပေါ်တွင် တည်ဆောက်ပြီးစီးခဲ့ပြီ ဖြစ်သည့် ဆည်နှင့် လျာထားသည့် ဆည်(၂) ခုတို့ ကြောင့် ဒေသခံလူထုများအနေဖြင့် ဆိုးကျိုးသက်ရောက်မှုများ ခံစားနေကြရပြီ ဖြစ်ပါသည်။ သို့သော်လည်း အကျိုးအမြတ်ဟူ၍ စိုးစဉ်းမျှသော်လည်းကောင်း၊ လုံးဝသော်လည်းကောင်း ပြန်လည်ခံစားကြရခြင်း မရှိကြပါ။ ဆည်များနှင့် ပတ်သက်၍ လူအများသိရှိအောင် လူသိရှင်ကြား သတင်းအချက်အလက်များ ထုတ်ပြန်ပေးခြင်း မရှိသလို၊ နစ်နာ ခံစားကြရသည့် လူထုများနှင့်လည်း တိုင်ပင်အကြံရယူခဲ့ခြင်း မရှိပါ။ နစ်နာနိုင်ခြေ အကဲဖြတ်စစ်ဆေးမှုရလဒ်များ ကိုလည်း ထုတ်ပြန် အသိပေးခဲ့ခြင်း မရှိပါ။ သို့အတွက်ကြောင့် ရွှေလီမြစ်ပေါ်၌ မည်သည့်စီမံကိန်းမျိုးမဆို ဆောင် ရွက်မည်ဆိုလျှင် ရပ်ဆိုင်းရန် တောင်းဆိုရပါလိမ့်မည်။

ရောဝတီက

ငါတို့အသက်ခါတ်ဖြစ်တည်မှု
ငါတို့ရဲ့မြင့်မြတ်တဲ့ သမိုင်းဂုဏ်ရောင်
ငါတို့အသက်ရှင်ရပ်တည်မှုရဲ့အလင်းရောင်
ငါတို့ရဲ့ယဉ်ကျေးမှုအစဉ်အလာ
ငါတို့ရာဇဝင်ကိုထွန်းပြောင်ရာ
ငါတို့မိခင်ဖြစ်တယ်ကွဲ့။

ရောဝတီက

ငါတို့ရဲ့အိမ်ယာ
ငါတို့ရဲ့တောင်ယာ
ငါတို့ရဲ့သောက်စရာရေ
ငါတို့အတွက်ဝမ်းစာ
ငါတို့ရဲ့ကူးသန်းသွားလာရာ
ငါတို့ကုန်စည်ရောင်းဝယ်ရာ
ငါတို့ပြည်သူတွေရဲ့သမိုင်းအဆက်ဆက်ကို
ဆက်စပ်ပေးရာဖြစ်တယ် ။

နီလွင်သွေး(ဒဿနိက)

တောင်စွယ်ကျောက်ကြားမှစီးဆင်းလာတဲ့မြစ် (ရွှေလီမြစ်)
(ရွှေလီမြစ်ရေ (စီးဆင်း) ၂)၂
ရွှေလီမြစ်ရေစီးဆင်းလာပြီး
တောင်စွယ်တောင်တန်းတွေမှာဖြစ်ဖျားခံပြီး
တောင်ကုန်တောင်တန်းကြီးတွေပေါ်မှာဘဲရပ်နေတာမဟုတ်ပါဘူး

နိဒါန်း

ဧရာဝတီမြစ်ပေါ်ကရေကာတာများနှင့် သူ၏မြစ်လက်တက်များ



သန်းပေါင်းများစွာသော ပြည်သူများသည် မြန်မာနိုင်ငံ၏ အသက်သွေးကြောသဖွယ် ဖြစ်နေသည့် ဧရာဝတီမြစ်ကို မှီခိုရှင်သန် နေထိုင်နေကြရပါသည်။ ဧရာဝတီမြစ်သည် အဓိကရေလမ်းကြောင်း တစ်ခုဖြစ်သလို၊ နိုင်ငံ၏ဇဟိုချက်မမှ ဖြတ်သန်းစီးဆင်းသွားသည့် အသက်သွေးကြော မြစ်မကြီးလည်းဖြစ်သည်။ ဤသို့ကြီးမြတ်သည့် မြစ်ကိုပိတ်၍ ရေဘမဆည်ကြီး တည်ဆောက်ရန်၊ ဧရာဝတီမြစ်၏ မြစ်ဖျားခံရာ မြစ်များ၌ ဆည်၆–ခု တည်ဆောက်ရန် လျာထားသည့် သတင်းကြောင့် လူအများ စိုးရိမ်ပူပန်စိတ် ဖြစ်ပွားခဲ့ကြရသည်။ ခန့်မှန်းမရနိုင်သည့် ရေကြောင်းပြောင်းလဲမှုများ၊ ကပ်ဘေးဒုက္ခသင့်ရမည့် ဆည်ကျိုးပေါက်မည့် အခြေအနေ၊ မြစ်၏အချုပ်အခြာ အာဏာ ပိုင်ဆိုင်မှု စသည့်အကြောင်းများကို လူအများက ဖော်ပြပြောဆို ဆွေးနွေးခဲ့ကြသည်။ ဧရာဝတီမြစ်ပေါ်ရှိ ဆည်များကို တရုတ်နိုင်ငံမှ ကုမ္ပဏီများက တည်ဆောက် ကြမည် ဖြစ်ပြီး၊ ထွက်ရှိလာသည့် လျှပ်စစ်ဓာတ်အားကိုလည်း တရုတ်နိုင်ငံသို့ပင် တင်ပို့ရောင်းချကြမည် ဖြစ်သည်။

စိုးရိမ်ပူပန်မှုများအပေါ် ဆွေးနွေးပြောဆို ကန့်ကွက်မှုများကြောင့် ၂၀၁၁ ခုနှစ်၊ စက်တင်ဘာလတွင် မြန်မာနိုင်ငံ၏ ဧရာဝတီမြစ်ပေါ်တွင် ပထမဦးဆုံး တည်ဆောက်မည့် ဆည်ဖြစ်သည့် "မြစ်ဆုံဆည်" စီမံကိန်းကို ဆိုင်းငံ့ထားလိုက်ကြောင်း မြန်မာနိုင်ငံ၊ အသစ်ရွေးချယ်တင်မြှောက်ခံခဲ့ရသည့် သမ္မတသစ်က ထုတ်ပြန်ကြေညာရသည်အထိ ဖြစ်စေခဲ့သည်။ ဤဆည်စီမံကိန်းကို အပြီးအပိုင် ရပ်ဆိုင်းလိုက်ခြင်းပေလော၊ သို့တည်းမဟုတ် ကာလတစ်စုံတရာသာ ဆိုင်းငံ့ထားခြင်းလော ဆိုသည်ကို ဆက်လက်စောင့် ကြည့်ကြရဦးမည် ဖြစ်သည်။

ဧရာဝတီမြစ်၏ မြစ်ဖျားခံရာဖြစ်သည့် မေခ **(N Mai)** နှင့် မလိခ **(Mali River)** များတွင်မူ ဆည် ၆–ခု တည်ဆောက်နေသည့် စီမံကိန်းကို ဆက်လက်လုပ်ကိုင် ဆောင်ရွက်နေဆဲ ဖြစ်သည်။

ဤသို့ ဆည်တည်ဆောက်မှု ဆိုင်းငံ့လိုက်သည့် ထုတ်ပြန်ကြေညာချက် ထွက်ပေါ်မလာမီတွင် မြန်မာအစိုးရက ဧရာဝတီမြစ်နှင့် ၎င်း၏ မြစ်ဖျားခံရာ မြစ်များပေါ်၌ ဆည်တည် ဆောက်မည့် အစီအစဉ်ကို ခုခံပြောဆိုခဲ့သေးသည်။ အစိုးရပိုင် သတင်းစာ၌ ဖော်ပြခဲ့သော "ကျွန်တော်တို့လည်း ဧရာဝတီကို ချစ်ပါတယ်" အမည်ရှိသည့် ဆောင်းပါးတွင် ဆည်များကြောင့် ဆိုးကျိုးသက်ရောက်နိုင်ဖွယ် မရှိကြောင်း ဖော်ပြရေးသားထားခဲ့သည်။ မေခ နှင့် မလိခမြစ်များသာမက ဧရာဝတီမြစ်ကို ပေါင်းဝင်သည့်မြစ်များ အများအပြား ရှိနေသည့်အတွက်ကြောင့်၊ စိုးရိမ်ပူပန်ဖွယ် မရှိဟု ဆိုခဲ့သည်။ သို့သော်လည်း ဤသို့ပေါင်းဝင်သည့် မြစ်ကြောင်းများသည် ဆည်ပိတ်ခံရခြင်း၊ သို့မဟုတ် ဆည်များတည်ဆောက်ရန် အစီအစဉ်ချထားပြီး ဖြစ်နေသည်။ သို့အတွက်ကြောင့် ဧရာဝတီမြစ်၏ သဘာဝရေစီးဆင်းမှုကို ထိခိုက်မည်မှာ လုံးဝဥဿုံပင် ဖြစ်သည်။ ဤသို့စီးဝင်နေသည့် မြစ်တစ်စင်းမှာ ယခုဖော်ပြမည့် ရွှေလီမြစ်ပင် ဖြစ်သည်။

ရွှေလီမြစ်သည် ဧရာဝတီမြစ်သို့ စီးဝင် သည့် မြစ်လက်တက်တစ်ခု ဖြစ်သည်။ ၎င်းမြစ်ဖျား ခံရာနေရာသည် တရုတ်နိုင်ငံ၊ ယူနန်ပြည်နယ်ရှိ ပင်လယ်ရေမျက်နှာပြင်အထက် ၁၁,၀၀၀ပေ နေရာတွင် တည်ရှိသည်။ ၎င်းရွှေလီ မြစ်သည် မြန်မာနိုင်ငံရှိ မူဆယ်၊ နမ့်ခမ်းမြို့များကို ဖြတ်သန်းစီးဆင်းပြီး၊ မန္တလေးမြို့၏ မြောက်ဖက်တွင် ဧရာဝတီမြစ်ထဲသို့ စီးဝင်သည်။ ၎င်းမြစ်ကို ပလောင်(တအာင်း) ဘာသာစကားဖြင့် "အဲမ်းတမာဝ်း" ဟုလည်း ခေါ်ဆိုကြသည်။ ရွှေလီမြစ်သည် တအာင်းလူမျိုးတို့၏ ပထဝီဝင် ဝိသေသလက္ခဏာတစ်ခု ဖြစ်သလို၊ သဘာဝရတနာ တစ်ပါးလည်း ဖြစ်သည်။ တအာင်းလူမျိုးများ အသက်ရှင်နေထိုင်ရန်အတွက် အားထားမှီခိုနေကြရသည့် မြစ်တစ်စင်းလည်း ဖြစ်သည်။

ရွှေလီမြစ်ပေါ်တွင် ဆည်တစ်ခုကို တည်ဆောက်ပြီးဖြစ်သလို၊ မြန်မာစစ်အစိုးရက တရုတ်နှင့် ဆွစ်နိုင်ငံများမှ ကုမ္ပဏီများကို ၎င်းကဲ့သို့ အရေးပါသည့်မြစ်ပေါ်တွင် နောက်ထပ်ရေအားဆည်ကြီး ၂–ခုကို တည်ဆောက်ရန် ခွင့်ပြုထားပြီး ဖြစ်သည်။ ယနေ့တိုင်အောင် ဒေသခံပြည်သူများနှင့် ၎င်းဆည်များကိစ္စ တိုင်ပင်အကြံဉာဏ် ရယူခဲ့ခြင်း မရှိသလို၊ ထိခိုက်နစ်နာနိုင်ခြေလေ့လာမှု အကဲဖြတ်ချက်များကိုလည်း လူသိရှင်ကြား ထုတ်ပြန်အသိပေးခြင်း မရှိသေးချေ။ ရွှေလီမြစ်ပေါ်တွင် တည်ဆောက်မည့်ဆည်များနှင့် ပတ်သက်၍ သတင်းအချက်အလက် အနည်းငယ်မျှသာ သိရှိနိုင်ကြသေးသည်။



သတင်းအချက်အလက် မရရှိခြင်း၊ ဆွေးနွေးတိုင်ပင် အကြံရယူမှု မရှိခြင်း၊ ထိခိုက်နစ်နာကြရမည့် ပြည်သူများအနေဖြင့် ဆည်များကိစ္စ ဆုံးဖြတ်ချက်ချရာတွင် ပူးပေါင်းပါဝင် ဆောင်ရွက်နိုင်ခွင့် မရှိခြင်း၊ စသည့်အခြေအနေများအပြင် ဆည်များကို လုံခြုံရေးအတွက် စစ်တပ်များတိုးချဲ့ ချထားလာသည့် ဒုက္ခများကိုပါ တိုး၍ကြုံတွေ့နေကြရသည်။ သို့အတွက်ကြောင့် ဒေသခံ လူထုများတွင် မကျေနပ်မှုများ ကြီးထွားလာနေပြီး၊ လူမျိုးရေးတင်းမာမှုများနှင့် စစ်ပွဲလက် နက်ကိုင်ပဋိပက္ခများ အထိပါ တိုး၍ဖြစ်ပေါ်လာနေသည်။ ၂၀၁၁ ခုနှစ်၊ ဇွန်လတွင် ကချင်လွတ်မြောက်ရေးအဖွဲ့ (KIO) နှင့် မြန်မာစစ်တပ်အကြား တာပိန်မြစ်ပေါ်တွင် တည်ဆောက် ထားသည့် ရေအားလျှပ်စစ် စီမံကိန်းကို အကြောင်းပြု၍ တိုက်ပွဲများ ပြန်လည်ဖြစ် ပေါ်လာရသည်။ ၎င်းစီမံကိန်းနေရာများသို့ မြန်မာစစ်တပ်က လုံခြုံရေးတပ်များ ပို့လွှတ်မှုကို အကြောင်းပြု၍ တိုက်ပွဲများ ပြန်လည် စတင်ဖြစ်ပေါ်လာခြင်း ဖြစ်သည်။ ၎င်းလက်နက်ကိုင် ပဋိပက္ခများသည် ရှုတ်ချည်းဆိုသလို ရက်ပိုင်းအတွင်း ရွှေလီအမှတ် (၁) နှင့် (၂) စီမံကိန်းများရှိရာ ဒေသသို့ ပျံ့နှံ့ ရောက်ရှိလာခဲ့သည်။ ယခုတိုင် ၎င်းဒေသများမှာ မတည်ငြိမ် မလုံခြုံသေးဘဲ ရှိနေကြသည်။

ယခုအစီရင်ခံစာအားဖြင့် ရွှေလီမြစ်တွင် မည်သို့မည်ပုံ ဖြစ်ပျက်နေသည်ကို လူအများသိရှိ အောင် ပထမအဆင့်အနေနှင့် တင်ပြနိုင်လိမ့်မည်ဟု မိမိတို့မျှော်လင့်ပါသည်။ ရွှေလီမြစ်ပေါ်တွင် တည်ဆောက်နေသည့် ဆည်များကြောင့် မြစ်တလျှောက်ရှိ ထိခိုက်နစ်နာရမည့် ပြည်သူလူထုများ သာမက၊ ရွှေလီမြစ်အကြောနှင့် ဧရာဝတီမြစ်ကြောင်းတလျှောက်ရှိ ထိခိုက်နစ်နာရမည့် ပြည်သူလူ ထုများထံသို့ပါ အသိပေးလိုရင်း ဖြစ်ပါသည်။ ၎င်းဆည်များ တည်ဆောက်နေမှုကို ရပ်တန့်ရန် တောင်းဆိုပါသည်။

ရွှေလီမြစ်ဘေးနားမှာရှိတဲ့ စိမ်းလန်းစိုပြေသော တောင်ယာစိုက်ခင်းနှင့် သစ်တောများ

ရွှေလီမြစ်ကြောင်း တလျှောက်ရှိ လူနေမှုဘဝအခြေအနေများ

ရွှေလီမြစ်ကြောင်း တလျှောက်တွင် တအာင်း(ပလောင်) လူမျိုးများသည် ကျန်တိုင်းရင်းသားများဖြစ်သည့် ကချင်၊ ရှမ်း၊ ဗမာပြည်သူများနှင့်အတူ မှီခိုနေထိုင်လျက် ရှိပါသည်။ ဧရာဝတီမြစ်အောက်ပိုင်းတလျှောက်တွင် နေထိုင်ကြသည့် သန်းပေါင်းများစွာသော ပြည်သူများကဲ့သို့ပင်၊ ဒေသခံပြည်သူများသည်လည်း ရွှေလီမြစ်ပေါ်တွင် သူတို့၏ရှင်သန်ရပ်တည်မှု နှင့် အသက်မွေးဝမ်းကျောင်း လုပ်ငန်းများအတွက် ငါးဖမ်းခြင်း၊ မြစ်ကမ်းပါးနှင့် နီးစပ်ရာ လွင်ပြင်များတွင် သီးနှံမျိုးစုံစိုက်ပျိုးခြင်း စသဖြင့် မှီခိုအားထားနေကြရပါသည်။ ထို့အပြင် သောက်သုံးရေအတွက်လည်း ဤမြစ်ကိုပင် မှီခိုနေကြရပါသည်။

မြစ်အကြောပိုင်းဒေသများတွင် ဒေသခံလူထုများက ရာသီအလိုက် ရေသွင်းစပါးနှင့် ပဲမျိုးစုံ စိုက်ပျိုးကြသည်။ မြစ်အထက်ပိုင်း ဒေသတွင်မူ ကျေးရွာလူထုများက ရွှေ့ပြောင်းတောင်ယာ၊ လက်ဖက်စိုက်ခင်းများနှင့် တံငါလုပ်ငန်း၊ အမဲလိုက်ခြင်း၊ ရာသီအလိုက် မှိုနှင့် တောသစ်သီးသစ်ဥများ၊ မျှစ်များ ရှာဖွေစားသောက်ခြင်းဖြင့် ရှင်သန်ရပ်တည်နေကြပါသည်။

ရွှေလီမြစ်ဘေး တစ်လျှောက်တွင်နေထိုင်သော တအာင်းလူမျိုးတို့၏အိမ်။ မြန်မာဘာသာဖြင့် ပလောင်ဟုလူသိများပြီး တအာင်းလူမျိုးတို့သည် မိမိတို့၏ ဘာသာစကားဖြင့် တအာင်းဟုခေါ်ယူ သမုတ်ကြသည်။

တအာင်း ပြည်သူများ၏ နောက်ခံသမိုင်း

တအာင်း(ပလောင်) ပြည်သူများသည် မြန်မာနိုင်ငံတွင် နေထိုင်သည့် တိုင်းရင်းသားလူမျိုးစုနွယ်များ ထဲမှ တစ်ခုဖြစ်ပါသည်။ သူတို့တွင်ရှည်လျားသည့် သမိုင်းနောက်ခံရှိပြီး၊ ထူးခြားသည့် ဝိသေသလက္ခဏာ၊ ကိုယ်ပိုင်ဘာသာစကား၊ စာပေ၊ မတူကွဲပြားသည့် တိုင်းရင်းသား ယဉ်ကျေးမှုများ၊ ကိုယ်ပိုင်နယ်မြေနှင့် မိမိဘာသာရှင်သန်ရပ်တည်နိုင်သည့် စီးပွား စနစ်ဖြင့် ပိုင်ဆိုင်ရပ်တည်နေကြပါသည်။ တအာင်းလူမျိုးအများစုမှာ ဗုဒ္ဓဘာသာကို ကိုးကွယ်ကြပြီး၊ ၁၀% အောက် လူနည်းစုမှာ နတ်ကိုးကွယ်မှုကိုသော်လည်းကောင်း၊ ခရစ်ယာန်ဘာသာကိုသော်လည်းကောင်း ကိုးကွယ်ယုံကြည်ကြ သည်။

တအာင်းလူဦးရေမှာ ခန့်မှန်း၁–သန်းခန့် ရှိပါမည်။ အများစုမှာ ရှမ်းပြည်နယ် အနောက်မြောက်ပိုင်း ရှိတောင်တန်းများပေါ် တွင်နေထိုင်ကြပြီး၊ သူတို့ဘိုးဘွားပိုင်မြေများတွင် သယံဇာတ ကျောက်မျက် တွင်းထွက်သတ္တုများ ပေါကြွယ်ဝလှပါသည်။ တအာင်းလူမျိုးများမှာ မြန်မာနိုင်ငံတွင် သူတို့ဒေသ တောင်တန်းများမှ ထွက်ရှိသည့် အရည်အသွေးကောင်းမွန်လှသော လက်ဖက်ကြောင့် နာမည် ကျော်ကြား လူသိများပါသည်။ ထို့အပြင် သမမျှတဝန်းကျင် ရာသီဥတုရှိ ဥယျာဉ်ခြံထွက် သစ်သီးများ ဖြစ်သည့် ပန်းသီး၊ ဆီးတော်သီး၊ သစ်တော်သီး စသည့် ခြံထွက်သီးနှံများလည်း စိုက်ပျိုး ကြသည်။ ဤထွက်ကုန်များမှာ အောက်မြန်မာနိုင်ငံတွင် ဈေးကောင်းရပြီး ဤသို့ဖြင့် သူတို့၏ အသက်ရှင်နေထိုင်မှုအတွက် အသက်မွေးနေကြရ သည်။ သို့သော်လည်း တအာင်းပြည်သူများမှာ အဆက်ဆက်သော မြန်မာစစ်အစိုးရတို့၏ ထိန်းချုပ်ဖိနှိပ်နေမှုများကြောင့် သူတို့၏မြေပေါ်တွင် ငြိမ်းချမ်းစွာ နေထိုင်စိုက်ပျိုး စားသောက်နိုင်ခြင်း မရှိကြပါ။

ရွှေလီ အမှတ် (၁) ရေအားလျှပ်စစ်စီမံကိန်း

ရွှေလီအမှတ်(၁)ရေအားလျှပ်စစ်စီမံကိန်းသည် ရှမ်းပြည်နယ်မြောက်ပိုင်း၊ နမ့်ခမ်းမြို့နယ် မန်တပ်ကျေးရွာ အနီးတွင်တည်ရှိသည်။ ၂၀၀၈ခုနှစ် နှောင်းပိုင်းမှစ၍ လျှပ်စစ်ဓာတ်အား ထုတ်ယူနိုင်ပြီး ဖြစ်သည်။ ဆည်တည်ဆောက်စဉ်ကာလတွင် အင်အား (၃၀၀)ရှိ မြန်မာစစ်တပ် တပ်ရင်းတစ်ရင်း မန်တပ်ကျေးရွာတွင်းသို့ စခန်းလာရောက်ချထားခဲ့ရာ၊ ဒေသခံပြည်သူတို့၏ စိုက်ပျိုးမြေများကို သိမ်းယူခြင်း၊ စစ်တပ်စစ်ဆေးရေးဂိတ်များက သွားလာမှုများ တင်းကျပ်ကန့်သတ်ခြင်း၊ ဒေသခံအမျိုးသမီးများကို စစ်သားများနှင့် အတင်းအကျပ် အိမ်ထောင်ချထားခြင်း စသည့် ဒုက္ခများကြုံတွေ့ခဲ့ကြရသည်။ ဆည်တည်ဆောက်မှုကြောင့် ဒေသခံလယ်ယာမြေ အချို့ ပျက်စီးဆုံးရကာ၊ ဒေသတဝိုက်မှ သားရိုင်းတောတိရစ္ဆာန်များလည်း ရှားပါးသွားခဲ့ရသည်။ စက်ယန္တယားများ သယ်ဆောင်လာရန် လမ်းများဖောက်လုပ်ခြင်း၊ ကောင်းကင်ကြိုးတန်းများအတွက် လမ်းရှင်းခြင်း လုပ်ငန်းများတွင် ဒေသခံပြည်သူများအပေါ် အဓမ္မလုပ်အားခိုင်းစေမှုများလည်း ရှိခဲ့သည်။ ဆည်တည်ဆောက်ပြီးစီးချိန်မှစ၍ မြစ်ကြောင်းတလျှောက် မြစ်ကမ်းပါးများတွင် မြစ်နှင့် ဝေးဝေးနေရန် ပြည်သူများကို သတိပေးဆိုင်းဘုတ်များ ထူထောင်ထားခဲ့သည်။ အကြောင်းမှာ ရုတ်တရက် ရေမြင့်တက်လာနိုင်ခြင်းကြောင့် သတိပေးထားသည်ဟု ဆိုသည်။

ရွှေလီအမှတ်(၁) ရေအားလျှပ်စစ်စီမံကိန်းမှ အတွေ့အကြုံများကြောင့် လျာထားသည့် အမှတ်(၂) နှင့် (၃) ရွှေလီ ရေအားလျှပ်စစ်စီမံကိန်းများမှလည်း၊ ကောင်းကျိုးအနည်းငယ်မျှသာ ခံစားရပြီး၊ ဆိုးကျိုးများသာ တွေ့ကြုံခံစားကြရမည်ဟု ဒေသခံပြည်သူများက မျှော်လင့်စိတ်ပျက်နေကြသည်။

သတိ အန္တရာယ်ရှိသည်။ မြစ်ရေအတက်အကျ အချိန်တိုင်းတွင် ပြောင်းလဲနိုင်သည်ဟု ရေသားထားသော ဆိုင်ဘုတ်မှာ ဒေသခံများကို မြစ်နှင့်ဝေးရာသို့ နေစေရန်၊ ရေသားထားသော ဆိုင်ဘုတ်မှာ ဒေသခံဘာသာဖြင့်မဟုတ်

ရွှေလီရေကာတာ အမှတ်(၁) လုံခြုံရေးအတွက် စစ်အစိုးရမှ စစ်တပ်များပို့ဆောင်ခဲ့

ရွှေလီ အမှတ် (၂) ရေအားလျှပ်စစ်စီမံကိန်း

ရွှေလီအမှတ်(၂) ရေအားလျှပ်စစ်စီမံကိန်းသည် အမှတ်(၁) ဆည်မှ မိုင် ၃၀ အကွာအဝေး တွင် တည်ရှိသည်။ ဤနေရာတွင် မန်တုန်နှင့် နမ့်ခမ်းမြို့အကြား၌ မြစ်သည် အင်္ဂလိပ် အကက္ခရာ အက်စ် **(S)** ပုံသဏ္ဍာန် အနောက်တောင်ဖက်သို့ စီးဆင်းသွားရာ မြစ်ကမ်း ဘေးတွင် တည်ရှိသည်။ မြစ်ကမ်းတလျှောက်တွင် သွန်ပုတ်၊ ပင်လုံ၊ စောလုံ၊ အောက်ကား၊ ကောင်းဆုံကျေးရွာများ တည်ရှိနေကြသည်။ ၎င်း**(S)** အကက္ခရာ အလယ်နေရာခန့်တွင် လျှပ်စစ် ၅၂၀ မဂ္ဂါဝပ်ကို ထုတ်လုပ်ပေးနိုင်မည့် ဆည်ကို တည်ဆောက်မည်ဖြစ်ပြီး၊ ရေလွှဲဥမင်ကို မြစ်၏မြောက်ဖက် တောင်ကုန်းကိုဖောက်၍ တည်ဆောက်မည် ဖြစ်သည်။ ဆည်နေရာတွင် လုပ်ကိုင်နေသည့် လုပ်သားများ၏ အဆိုအရ အမှတ် (၂) စက်ရုံမှ ပင်မလျှပ်စစ်ဓာတ်အားလိုင်းသည် တရုတ်နိုင်ငံသို့ ဦးတည်သွားမည် ဖြစ်ပြီး၊ ကျန်ဓာတ်အားအချို့ကို စစ်အစိုးရပိုင် သို့မဟုတ် စစ်အစိုးရနှင့် နီးစပ်သူ ပုဂ္ဂလိက လုပ်ငန်းရှင်များပိုင် စက်ရုံများသို့ ပေးရန် ရည်ရွယ်ထားသည်ဟု သိရသည်။

တရုတ်နိုင်ငံတွင် အရည်အသွေး ညံ့ဖျင်းမှုကြောင့် ဟွာနင်းစီမံချက်ကို ရပ်ဆိုင်းခဲ့ခြင်း

ဟွာနင်းလန်းကန်း (Huaneng Lancang) သည် ဟွာနင်းအုပ်စု (Huaneng Group) အဖွဲ့ဝင်ကုမပဏီတစ်ခု ဖြစ်သည်။ ၎င်းသည် အဓိကကျသည့် တရုတ်နိုင်ငံတော်ပိုင် ကုမ္ပဏီလည်းဖြစ်သည်။ ၎င်းကုမ္ပဏီက အကောင်းဆုံးစီးပွားရေးလုပ်ငန်း ကျင့်ထုံးများအတိုင်း လိုက်နာကျင့်သုံးနေသည်ဟု ဆိုသော်လည်း၊ တရုတ်နိုင်ငံတွင် ၎င်းဆောင်ရွက်နေသည့် လုပ်ငန်းများ၌ သဘာဝပတ်ဝန်းကျင် ထိခိုက်မှုဆိုင်ရာ အကဲဖြတ်မှုများနှင့် ပြန်လည်သုံးသပ်စစ်ဆေးမှုများ ပြုရန် ပျက်ကွက်ခဲ့သည်။ ၂၀၀၉ ခုနှစ်တွင်၊ တရုတ်နိုင်ငံ သဘာဝပတ်ဝန်းကျင်ရေးရာ ဝန်ကြီးဌာနက ၎င်းကုမ္ပဏီမှ ဆည်တည်ဆောက်ရေး စီမံကိန်း(၂) ခုကို ဆိုင်းငံ့ထားခဲ့သည်။ အကြောင်းမှာ သဘာဝပတ်ဝန်းကျင် အကဲဖြတ်စစ်ဆေးမှုများ လုံလောက်စွာ ဆောင်ရွက်ခြင်းမရှိဘဲ ၎င်းကုမ္ပဏီက စီမံကိန်းများ စတင်ဆောင်ရွက်ခဲ့သောကြောင့်ဖြစ်သည်။

အေးရှားဝေါလ်၊ မူးယစ်ဆေးရောင်းချမှုမှ ဝင်ငွေများနှင့် စစ်တပ်ဆက်စပ်နေမှုများ

အေးရှားဝေါလ်ကုမ္ပဏီသည် မြန်မာနိုင်ငံတွင် အကြီးမားဆုံးသော ကွန်ဂရီမာရိတ် ကုမ္ပဏီကြီးတစ်ခု ဖြစ်ပြီး၊ စစ်တပ်နှင့် နီးစပ်သည့် ကုမ္ပဏီလည်း ဖြစ်သည်။ ၎င်းကိုမူးယစ်ဆေးကုန်သွယ်မှုဖြင့် နာ မည်ကျော်ဇောသည့် ဘိန်းရာဇာ လော်စစ်ဟန်က တည်ထောင်ခဲ့ပြီး၊ သူ၏ သားစတီဗင်လော စီမံခန့်ခွဲနေသည်။ သူသည်လည်း မူးယစ်ဆေးကုန်သွယ်မှုဖြင့် သင်္ကာမကင်း ဖြစ်ခံနေရသူ ဖြစ်သည်။ ၎င်းကုမ္ပဏီကို အမေရိကန်ပြည်ထောင်စု ဘဏ္ဍာရေးဝန်ကြီးဌာနက ၂၀၀၈ ခုနှစ်တွင် အမည်ပျက်စာရင်း နာမည်သွင်းခဲ့သည်။ ၎င်းကုမ္ပဏီသည် ဆောက်လုပ်ရေးလုပ်ငန်းများ၊ ပစ္စည်းနှင့် စက်ကိရိယာများ ထောက်ပံ့ရေးလုပ်ငန်းများတွင် အဓိကအားဖြင့် လုပ်ဆောင်နေသည်။

တရုတ်နှင့် မြန်မာကုမပဏီများက ရွှေလီအမှတ်(၂) ရေအားလျှပ်စစ် စီမံကိန်းကို ဆက်လက် တည်ဆောက်ရန် ရှိနေခြင်း

၂၀၀၉ ခုနှစ်၊ နိုဝင်ဘာလတွင် မြန်မာနိုင်ငံ၊ အမှတ် (၁) လျှပ်စစ်စွမ်းအင် ဝန်ကြီးဌာနက တရုတ်နိုင်ငံမှ ဟွာနင်းလန်ကန်း မြစ် ရေအားလျှပ်စစ်ကုမပဏီ လီမိတက် (Huaneng Lancang River Hydropower Co^{2} Ltd^{2}) နှင့် ရွှေလီ အမှတ် (၂) ရေအားလျှပ်စစ် စီမံကိန်းတည်ဆောက်ရေးအတွက် နားလည်မှု စာချွန်လွှာတစ်ရပ် လက်မှတ်ရေးထိုးခဲ့ပါသည်။ ၎င်းစီမံကိန်းကို တည်ဆောက်လည်ပတ်လွှဲပြောင်း (BOT system) စနစ်ဖြင့် ခွင့်ပြုထားခြင်း ဖြစ်သည်။ ပို၍အဆင့်မြင့်သော သဘောတူညီမှု စာချွန်လွှာကို ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလတွင် လက်မှတ်ရေးထိုးခဲ့ပါသည်။

ရွှေလီရေကာတာအတွက် စစ်သားစုဆောင်းခြင်းနှင့် လမ်းသစ်ဖောက်လုပ်ခြင်း



အမှတ် (၂) ရွှေလီရေကာတာအနီးတစ်ဝိုက် ရွှေလီမြစ်ဘေး တစ်လျှောက်တွင်နေထိုင်သော လူဦးရေများ

စဉ်	ကျေးရွာအမည်	တိုင်းရင်းသားလူမျိုး	အိမ်ထောင်စု	လူဦးရေ
၁	သွန်ပုတ်	တအာင်း၊ ကချင်	၆၀	၅၄၀
၂	ပင်လုံ	တအာင်း	၁၈၀	၁၆၂၀
၃	စောလုံ	တအာင်း၊ ရှမ်း	၄၈	၄၃၂
၄	အောက်ကား	တအာင်း	၆၄	၅၇၆
၅	ကောင်းဆုံ	တအာင်း	၄၀	၃၆၀
စုစုပေါင်း			၃၉၂	၃၅၂၈

အမှတ်စဉ် (၂) ရွှေလီရေကာတာရှိ ဂုဏ်ကျက်သရေရှိသော ရွှေလီမြစ်

ရေကာတာများမှ ငါးအမျိုးအစားတိုးပွားနှုန်းကို လျော့နည်းစေနိုင်

ရွှေလီမြစ်၏ ဂေဟာစံနစ် ပျက်စီးရမည့် အန္တရာယ်နှင့် ခြိမ်းခြောက်ခံနေရခြင်း

အမှတ်(၁) ဆည်တည်နေရာ ပတ်ဝန်းကျင်ရှိ မြေမျက်နှာသွင်ပြင် အနေအထားသည် အံ့မခန်း လှပသည့် သဘာဝအလှ တစ်ပါးပင်ဖြစ်သည်။ အမြဲစိမ်းသစ်တောများနှင့် သဘာဝရေတံခွန်များ စီးကျနေရာ ရင်သပ်ရှုမောဖြစ်ရသည်။ မြစ်အတွင်း သားငါးပေါများ ကြွယ်ဝပြီး၊ အနီးတဝိုက်ရှိ သစ်တောများအတွင်းတွင်လည်း တောရိုင်း တိရိစ္ဆာန်များ ပေါကြွယ်ဝသည်။ ရွှေလီ အမှတ်(၂) နှင့် (၃) ဆည်တဝိုက်အနီးရှိ သစ်တောများတွင် သဘာဝပရဆေးမြစ်၊ သစ်ဥသစ်ဖုများလည်း ပေါက်ရောက်ကြရာ ဒေသခံများက ရှာဖွေရောင်းချလေ့ရှိသည်။ ဆင် များ၊ သမင်များ၊ တောဝက်များ၊ ဒေါင်းများနှင့် အခြားတော ရိုင်းတိရစ္ဆာန်များက ဤတောတွင် မှီခိုရှင်သန် လှည့်လည်နေထိုင်နေကြသည်။ သို့သော်လည်း လမ်းများဖောက်လုပ်ချိန်၊ ဒေသခံများ၏ မြေယာများကို စတင်သိမ်းပိုက်ချိန်၊ သစ်ထုတ်လုပ်ရေးလုပ်ငန်းများ စတင်ချိန်မှစ၍ တောရိုင်း တိရစ္ဆာန်များလည်း ဝေးရာသို့ ထွက်ပြေးကြရသည်။ အမှတ်(၂) ဆည်တည်ဆောက်ပါက သစ်တောပြုန်းတီးမှုများ ထပ်မံဖြစ်ပေါ်လာဦးမည်ဖြစ်၍ ရှားပါးတောရိုင်းတိရစ္ဆာန်များမှီခိုနေထိုင်ရာ စားကျက်များလည်း ပျက်စီးကြတော့မည် ဖြစ်သည်။ လူအများ၊ အထူးသဖြင့် အမျိုးသမီးများသည် အပိုဝင်ငွေအတွက်၊ ဆေးဝါးနှင့် စားနပ်ရိက္ခာအတွက် သစ်တောထွက်ပစ္စည်းများကို ရှာဖွေရောင်းချ၍ မှီခိုရှင်သန်နေထိုင် ကြရရာ သစ်တောရင်းမြစ်များ ပြုန်းတီးလာမှုကြောင့် နစ်နာဒုက္ခရောက်ကြရမည်ဖြစ်သည်။ စစ်သားများက ဒေသခံများ ငါးရှာဖွေစားသောက်သည့် နေရာများတွင် ဒိုင်းနမိုက်များသုံး၍ မိုင်းခွဲငါးရှာကြသည့် အတွက်ကြောင့် ငါးအကောင်ရေကိုကျဆင်းလာစေသည်။ ထို့အပြင် ဆည်တည်ဆောက် ပြီးစီးသည့်အခါ ငါးများပေါက်ဖွား ရှင်သန်ပုံစံနစ်ကို ထိခိုက်ပြောင်းလဲစေဦးမည် ဖြစ်သည်။

လက်နက်ကိုင် လုံခြုံရေးအများကြား၌ ဆည်တည်ဆောက်ရေး စီမံကိန်းကို စတင်နေခြင်း

၂၀၀၉ ခုနှစ်တွင်၊ မြန်မာစစ်တပ် ခြေမြန်တပ်ရင်း (ခမရ)– အမှတ် ၁၄၄ မှ စစ်သား ၂၅ ဦးကို အမှတ် (၁) ဆည် နေရာမှ အမှတ် (၂) ဆည်တည်ဆောက်နေရာတွင် လုံခြုံရေးယူရန် စေလွှတ်ခဲ့သည်။ စစ်သားများက မြစ်ကမ်းပါးအနီးတွင် တပ်စခန်းတည်ကြသည်။ စခန်းထဲတွင် စစ်သား ၇–ဦးက အမြဲတစေ စခန်းချနေထိုင်ပြီး၊ ကျန်စစ်သားများက အနီးအပါးနေရာ များတွင် ကင်းလှည့်ကြသည်။ ဒေသခံ ရဲများကလည်း ထိုဒေသတွင် ကင်းလှည့်ကြသည်။ ဆည်တည်ဆောက်ရာဒေသ အနီးသို့ရောက်လာသည့် လူစိမ်းမှန်သမျှကို ၎င်းတို့က စစ်ဆေးကြသည်။ စစ်သားများ ရောက်ရှိလာသည့်အချိန်မှစ၍ ဆည်တည်ဆောက်ရာ ဒေသအနီးရှိ ကျေးရွာများတွင် လူ့အခွင့်အရေးချိုးဖောက်မှုများကို ပို၍ တွေ့ကြုံခံစားကြရတော့ သည်။ အကြောင်းမှာ စစ်သားများက မြေများ၊ အစားအသောက်များ၊ အိမ်မွေးတိရိစ္ဆာန်များ၊ အခြား ပိုင်ဆိုင်မှုပစ္စည်းများ ကို ပိုင်ရှင်ခွင့်ပြုချက် မတောင်းခံဘဲ သိမ်းယူကြသောကြောင့် ဖြစ်သည်။

ဆည် အမှတ် (၂)
တည်ဆောက်ရာနေရာသို့ ၂၀၁၀ ခုနှစ်၊ အစောပိုင်းတွင် တရုတ်လူမျိုး လုပ်သား ၁၈ ဦး ရောက်ရှိလာကြပြီး၊ စစ်စခန်းအနီးတွင် သူတို့စခန်းကို တည်ကြသည်။ ယခုအချိန်အထိ အမှန်တကယ် ဆည်တည်ဆောက်ရေးလုပ်ငန်းများ မစတင်ရသေးဘဲ၊ လုပ်သားများက မြစ်ကြောင်းတလျှောက် နေရာများစွာတွင် စမ်းသပ်စစ်ဆေးမှုများ ပြုလုပ်နေကြ သည်။ ဓာတ်ပုံတွင် မြင်တွေ့ရသည့်အတိုင်း အဓိကကျသည့် မြေသားနမူနာများကို တရုတ်နိုင်ငံသို့ ပြန်၍သယ်ဆောင်နေ ကြသည်။

၂၀၁၀ ဖွန်လတွင်တွေ့ရသော ရေကာတာအမှတ် (၂)မှ တရုတ်သုတေသီများ

ဒေသခံလူထုများ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းများကို ပျက်စီးစေခြင်း

လမ်းများဖောက်လုပ်မှုကြောင့် ဒေသခံပြည်သူများ စိုက်ပျိုးမြေမရှိတော့ဘဲ ဖြစ်စေခြင်း

ဆည်တည်ဆောက်ရန်အတွက် အေးရှားဝေါလ်ကုမ္ပဏီက ဆည်အမှတ် (၁) နေရာမှ အမှတ် (၂) နေရာသို့ ပင်မအဓိကလမ်းကြောင်းကို တာဝန်ယူ ဖောက်လုပ်ခဲ့သည်။ ဤသို့ လမ်းဖောက်လုပ်စဉ်တွင် လမ်းကြောင်းကျရာ ဒေသခံမြေများနှင့် အိမ် များကို သိမ်းယူခဲ့ရာ၊ ဒေသခံလယ်သမားများအတွက် အထူးထိခိုက်နစ်နာခဲ့ကြရသည်။ မြေဆုံးရှုံးရမှုအတွက် လျော်ကြေး ပြန်လည်ရရှိခဲ့ကြသူများမှာလည်း သိမ်းယူသည့်မြေ (၄)ပေ ပတ်လည်အတွက် ကျပ် (၁, ၀၀၀) [အမေရိကန်ဒေါ်လာ ၁ ဒေါ်လာအောက်သာ] လျော်ကြေးရုံ ရရှိကြသည်။

"စပါးခင်း၊ တောင်ယာ၊ လက်ဖက်ခင်း၊ ရပ်ရွာပိုင်သစ်တော စသဖြင့် ကျနော်တို့မြေတွေကို လမ်းဖောက်လုပ်ရေးအတွက် သိမ်းယူကြတယ်။ အဲဒီအတွက်လည်း အများကြီး အခက်အခဲ ဖြစ်ရတယ်။ ဒါပေမယ့် သူတို့ပြန်ပေးတဲ့ လျော်ကြေးက အဲဒီမြေကွက်တွေ၊ ထွက်ကုန်တွေ တကယ့်ပေါက်ဈေးနဲ့ ဘာမှ မသက်ဆိုင်ဘူး။ အဲဒါအပြင် မိုးရာသီမှာ လမ်းတွေက ဗွက် ထကုန်တယ်။ လျှောက်သွားရတာပါ ဒုက္ခရောက်ကြရပြန်တယ်။" (ပင်လုံကျေးရွာသားတစ်ဦး)

စစ်သားများက မြစ်ဘေးရှိ ယာမြေကွက်များနှင့် ငါးဖမ်းနေရာများကို သိမ်းပိုက်ကြခြင်း

လမ်းဘေးတလျှောက်ရှိ လယ်မြေကွက်များသာမက၊ မြစ်နားတလျှောက်ရှိ ကျေးရွာများတွင် မြေကွက်များလည်း သိမ်းဆည်းခံကြရပြန်သည်။ ဆက်၍အသက်ဆက်နိုင်ရန်အတွက် ကျေးရွာ လူထုများသည် တောင်ပေါ်တက်၍ တောင်ယာခုတ် စပါးစိုက်ပျိုးကြရသည်။ သို့သော်လည်း တောင်ယာများသည် မြစ်ကမ်းလွင်ပြင်ရှိ စပါးကွင်းများလောက် အထွက်ကောင်းလှသည် မဟုတ်ပေ။

"စစ်သားတွေက ကျနော့်အိမ်ကိုရောက်လာပြီး၊ ပြောတယ်။ 'အခုအချိန်ကစပြီး မြစ်ကမ်းနားက ကျနော့်လယ်မှာ စိုက်ခွင့် မပြုတော့ဘူး' လို့ ပြောလာတယ်။ ကျနော်က ပြန်မေးတယ်။ 'ဘာဖြစ်လို့လဲ'။ သူတို့က အဲဒီနေရာမှာ ဆည်ဆောက်မယ် ပြောတယ်။ သူတို့က ကျနော့်မြေကို သိမ်းလိုက်တယ် ပြောတယ်။ အဲဒီမြေက စုစုပေါင်း ၁၈–ကေ ရှိတယ်" (ဒေသခံ လယ်သမားတစ်ဦး)

"ကျမစိုက်ထားတဲ့မြေက မြစ်အနီးနားမှာ ကေ ၂၀–ကျော် ရှိတယ်။ ဒါပေမယ့် သိမ်းခံလိုက်ရတယ်။ ကျမကတောခုတ်ပြီး ထပ်စိုက်ရတော့မယ်။ အဲဒီနေရာက ကျမတို့ ရွာနဲ့ဝေးပြီး၊တောင်ယာအသစ်ပြန်စိုက်ရမယ်။အခုနှစ်စပါးဘယ်လောက်ထွက်မယ်ဆိုတာ မခန့်မှန်းနိုင်ဘူး။ အတိအကျ မပြောတတ်တော့ဘူး။ ဘာဖြစ်လို့လဲဆိုတော့ နေရာသစ်က သဲမြေ၊ ကျောက်တုံးတွေနဲ့၊ မြေက စိုက်ပျိုးဖို့ သိပ်ကောင်းလှတဲ့မြေတော့ မဟုတ်ဘူး" (ဒေသခံ တအာင်းအမျိုးသမီး လယ်သူမ တစ်ဦး)

အချို့မြေဆုံးရှုံးကြရသူများက တံငါလုပ်ငန်းဖြင့် အသက်ဆက်ရန် ကြိုးပမ်းကြပြန်သည်။



သုတေသန အသုံးအဆောင်ပြစ္စည်းများ သို လှောင်ရန်နေရာ အဖြစ် မြစ်ဘေးရှိ အသိမ်းဆည်းခံ လယ်ယာစိုက်ခင်း

သို့သော်လည်း စစ်သားများက သူတို့၏ ငါးဖမ်းပိုက်များကို သိမ်းပိုက်၍ မြစ်အတွင်း ငါးဖမ်းခွင့်ကိုလည်း ပိတ်ပင်ကြပြန်သည်။ ၎င်းနေရာသည်လည်း "သူတို့၏နေရာ" ဟု ဆိုကြပြန်သည်။ ငါးဖမ်းသူတံငါများမှာ မိသားစု အသက်ဆက်လက်ရှင်သန် ရပ်တည်နိုင်ရန် အပြင်း အထန် ရုန်းကန်ကြိုးပမ်းကြရသည်။ အကြောင်းမှာ သူတို့အဖို့ ငါးဖမ်းခြင်းမှလွဲ၍ အခြားလုပ်ကိုင်သက်မွေးစရာ မသိကြ သောကြောင့် ဖြစ်သည်။ သူတို့က အခြားသူများထံမှ မြေငှားရမ်း၍ ဟင်းသီးဟင်းရွက်များ စိုက်ပျိုး၍ စျေးတွင် ရောင်းချပြီး ဝင်ငွေရှာနေကြရသည်။

> "ကျနော်က တံငါလုပ်လာတာ ၁၀–နှစ်ရှိပြီ။ မိသားစုဝင်ငွေအတွက် ငါးဖမ်းပြီး ရှာဖွေကျွေးမွေးရတယ်။ ပြီးခဲ့တဲ့နှစ် စစ်တပ် ကလာတော့ ဘယ်သူမှ မြစ်ထဲမှာ ငါးမဖမ်းရတော့ဘူးဆိုပြီး အမိန့်ထုတ်လာတယ်။ ဒါပေမယ့် ကျနော်တတ်တာ၊ သိတာ က ငါးဖမ်းတာပဲ။ တခြားအလုပ် ဘာလုပ်စားရမှန်းလည်း သိတာမဟုတ်ဘူး။ တနေ့တော့ ကျနော်ငါးသွားဖမ်းတော့ စစ်သား ၂–ယောက် ရောက်လာပြီး၊ ကျနော့် ငါးဖမ်းပိုက်ကို သိမ်းလိုက်တယ်" (ဒေသခံ တံငါတစ်ဦး)

ဆည်တည်ဆောက်ရေး စီမံကိန်း လုံခြုံရေးအတွက်ဟုဆိုကာ စစ်သားများ လာရောက်ချထား ချိန်မှစ၍ ဒေသခံများကို ငါးဖမ်းခွင့် ပိတ်ပင်ခဲ့ကြသည်။ သို့သော်လည်း သူတို့က ရွှေလီမြစ်ထဲတွင် ဗိုင်းနမိုက်များဖြင့် ခွဲကာ ငါးဖမ်းဆီးကြသောကြောင့် ကျေးရွာလူထုများမှာ လွန်စွာဒေါသ ဖြစ်ကြရသည်။ ရိုးရာစဉ်လာကို ဖီဆန်၍ ငါးဖမ်းဆီးနေကြခြင်းလည်း ဖြစ်သည်။

လုံးဝ ဆုံးရှုံးရခြင်း

မြစ်ကမ်းတလျှောက်တွင် မြေနိမ့်ပိုင်း ဖြစ်သောကြောင့် ဒေသခံများက ခန့်မှန်းကြသည်မှာ ရပ်ရွာပိုင်သစ်တောနှင့် ဆည် အထက်ပိုင်းရှိ ယာစိုက်ခင်းများ ဧက ၂၀၀၀ ခန့် ရေမြုပ်ဆုံးရှုံးကြမည်ဟု တွက်ဆကြပါသည်။ (စာမျက်နှာ ၄၄ ရှိ မြေပုံ ကိုကြည့်ပါ။)

အမျိုးသမီးများအပေါ် ထိခိုက်နစ်နာမှု

အမှတ်(၂) ဆည်တည်ဆောက်မှု လုံခြုံရေးအတွက် စစ်သားများပို့လွှတ်သည့်အခါ၊ ဒေသခံအမျိုးသမီးများ၏ နေ့စဉ်နေထိုင်မှုဘဝအပေါ် ထိခိုက်သက်ရောက်မှုများ ဖြစ်လာရပါသည်။ ယခုအခါ စစ်သားများ မြစ်ကမ်းအနီးတွင် စခန်းချရှိနေကြသောကြောင့် အမျိုးသမီးများတစ်ဦးတည်း အပြင်ထွက်ရန် မလုံခြုံဖြစ်လာရပါသည်။ ယခင်က အမျိုးသမီးများသည် လွတ်လပ်စွာ သူတို့စိတ်ကြိုက် လည်ပတ်သွားလာနိုင်ကြပြီး၊ ယခုအခါ အိမ်တွင်းပုန်းနေထိုင်ကြရသည့် ဘဝ ဖြစ်လာသည်။ အပြင်ထွက်လိုပါကလည်း အဖော်တစ်ဦးဦးကို စောင့်ဆိုင်းရန် လိုအပ်လာသည်။ ဒေသခံအမျိုးသမီးများကို စစ်သားများနှင့် အဓမ္မအိမ်ထောင်ချပေးမည်ကိုလည်း မိသားစုများက စိုးရိမ်နေကြသည်။ အကြောင်းမှာ အမှတ်(၁) ဆည်တည်ဆောက် စဉ်ကာလက ဎင်းကဲ့သို့ ဆောင်ရွက်မှုများ ရှိထားသောကြောင့် ဖြစ်သည်။

> "အရင်က စစ်သားတွေမရောက်လာခင်က ကျမတစ်ယောက်တည်း ကိုယ့်ခြံထဲ သွားတာပဲ။ အခုတော့ လယ်ထဲခြံထဲ၊ ဈေးထဲ တစ်ယောက်တည်း မသွားရဲတော့ဘူး။ မိတ်ဆွေတွေဆီလည်း သွားမလည်ရဲတော့ဘူး။ တစ်ခါတလေ စစ်သားတွေက မတော်တလျော် လုပ်နိုင်တယ်။ အမျိုးသမီးတွေကို လိင်အရစော်ကားမော်ကား လုပ်နိုင်တယ်လေ။ (ဒေသခံ တအာင်းအမျိုးသမီး တစ်ဦး)

လက်ဖက်ခြံတစ်ခုတွင် လက်ဖက်ခူးနေသော အမျိုးသမီးတစ်ဦး၊ ယခုအချိန်တွင် အမျိုးသမီးများက လက်ဖက်ခြံများကို သွားဖို့ရန် ကြောက်ရွံ့နေကြသည်။

စစ်ပွဲများစတင်ဖြစ်ပေါ်လာပြီး၊ ဆည်တည်ဆောက်ရေးစီမံကိန်း ယာယီရပ်ဆိုင်းထားခြင်း။

၂၀၁၁ ခုနှစ်၊ ဇွန်လ အစောပိုင်းတွင် ကချင်လွတ်မြောက်ရေးတပ်မတော် (KIA) နှင့် မြန်မာအစိုးရစစ်တပ်အကြား ကချင်ပြည်နယ်တွင်းရှိ ရေအားလျှပ်စစ်စီမံကိန်း တစ်ခုအပေါ် အကြောင်းပြု၍ လက်နက်ကိုင်တိုက်ပွဲများ ပြန်လည်ဖြစ်ပွားခဲ့ပါသည်။ ၎င်းတိုက်ပွဲများသည် များမကြာမီပင် ရှမ်းပြည်နယ်အတွင်း ကူးစက်ပျံ့ပွားလာခဲ့ပြီး၊ ရွှေလီဆည် အမှတ်(၁) နှင့် (၂) အနီးတွင် အစိုးရစစ်တပ်က ကျောထောက်နောက်ခံပြုထားသည့် ပြည်သူ့စစ်လက်နက်ကိုင်များနှင့် KIA တပ်ဖွဲ့များ ဇွန်လ ၁၅ ရက်နေ့က တိုက်ပွဲများ ဖြစ်ပွားလာခဲ့သည်။ တရုတ်အင်ဂျင်နီယာများနှင့် လုပ်သားများမှာလည်း တိုက်ပွဲများကြောင့် တရုတ်နိုင်ငံသို့ ပြန်သွားခဲ့ရပြီး၊ ဆည်တည်ဆောက်မှုများလည်း ရပ်ဆိုင်းနေခဲ့သည်။ တရုတ်လုပ်သားများက ပြန်လည် ထွက်ခွာသွားသည့်အချိန်တွင် ဒေသခံပြည်သူများကို ပြောပြရာ၌ သူတို့အနေဖြင့် မိုးရာသီအကုန် (နိုဝင်ဘာလခန့်) တွင် ပြန်လာမည်ဟု ပြောဆိုခဲ့ကြသည်။

သို့သော်လည်း ယနေ့တိုင် တရုတ်လုပ်သားများ ပြန်လာနိုင်ခြင်း မရှိသေးဘဲ၊ ဒေသခံပြည်သူများမှာလည်း နောက်ထပ်တိုက်ပွဲများ ဖြစ်ပေါ်လာမည်ကို စိုးရိမ်နေကြရပါသည်။ ယခုအခါ ဒေသအတွင်း မငြိမ်းချမ်း နိုင်သေးဘဲ ရှိနေပြီး၊ အမှတ် (၂) ဆည်တည်ဆောက်မည့်နေရာသို့ စစ်တပ်၏ ခွင့်ပြုချက်မရှိပါက မည်သူမျှ ဝင်ရောက်ခွင့် မရှိပေ။ဒေသခံ ပြည်သူတစ်ဦးက ပြောပြရာတွင်

> "ရွှေလီ အမှတ် (၁) ဆည် အနီးအနားမှာ ကျနော်တိုက်ပွဲဖြစ်တဲ့ အသံတွေကြားရ တယ်။ အဲဒါပြီးတဲ့နောက် ဆည် အမှတ် (၂) နေရာမှာ လာလုပ်ကိုင်နေကြတဲ့ တရုတ်အလုပ်သမားတွေ၊ ကျွမ်းကျင်သူတွေ လည်း တရုတ်ပြည်ကို ပြန်ကုန်ကြတယ်။ ဆောက်လုပ်ရေးလုပ်ငန်းတွေလည်း ယာယီရပ်ဆိုင်းထားလိုက်တယ်။ ဒေသခံလုပ်သားတွေလည်း သူတို့အိမ်ကို သူတို့ပြန်ကြတာပေါ့" ဟု ဆိုသည်။

အကယ်၍ ဟွာနင်းကုမ္ပဏီနှင့် အေးရှားဝေါလ်ကုမ္ပဏီတို့က ဤသို့သော ပဋိပက္ခ အခြေအနေအောက်တွင် ရွှေလီအမှတ်(၂) ဆည်ကို ဆက်လက်တည်ဆောက်ကြမည် ဆိုပါက၊ ဆည်လုံခြုံရေးအတွက် စစ်တပ်များတိုး၍ စေလွှတ်မည်မှာ ကျိန်းသေနေပါသည်။ သို့ဆိုလျှင် ထပ်တိုး၍မြေသိမ်းပိုက်လုယက်မှုများ၊ အခြားသော လူ့အခွင့်အရေးချိုးဖောက်မှုများ ဆိုးရွားစွာ တိုး၍ ကြုံတွေ့ရဖွယ် ရှိနေပါသည်။

ကချင်စစ်ပြေးဒုက္ခသည်များ

ရွှေလီရေကာတာ အမှတ်(၃) ကြောင့်ရေလွှမ်းမည့် မိုးလိုမှ စိုက်ပျိုးခြံတစ်ခြံ

ရွှေလီ အမှတ် (၃) ရေအားလျှပ်စစ် စီမံကိန်း

ရွှေလီ အမှတ် (၃) ရေအားလျှပ်စစ် စီမံကိန်းကို မိုးမိတ်မြို့နယ်အတွင်းတွင် တည်ဆောက်မည်ဖြစ်ပြီး၊ ဤနေရာတွင် စိမ်း လန်းနေသည့် မြစိမ်းရောင်သစ်တောများ၊ ရွှေဝါရောင်လယ်ကွင်းများကို လှပစွာ မြစ်ဖြတ်သန်းစီးဆင်းသွားသည့် နေရာလည်း ဖြစ်သည်။ ကျွန်းသစ်နှင့် အခြားသစ်မာများလည်း ဤနေရာတဝိုက်တွင် ပေါက်ရောက်နေကြသည်။ ဆည်တည် ဆောက်မည်ဆိုပါက အထက်ပိုင်းရှိ ကျေးရွာ ၂၀ ခန့်နှင့် ဆည်အနီး အောက်ပိုင်းရှိ ရွာ–၄ ရွာမှာ ရွှေ့ပြောင်းကြရမည် ဖြစ်ပါသည်။ (မြေပုံကို ကြည့်ပါ။)

လိုင်ရာကျေးရွာနှင့် ရွှေလီ အမှတ် (၃) ရေအားလျှပ်စစ်စီမံကိန်း အကြားတွင် ကျယ်ပြန့်သည့် လွင်ပြင်ကြီးရှိပြီး၊ သစ်တောများ၊ အခြားသစ်မာများ ပေါက်ရောက်နေကြသည်။ မိုရိုကျေးရွာတွင် တောင်ကျချောင်းရေမှ သောက်သုံးရေလုံလောက်စွာ မရနိုင်ခြင်းကြောင့် ရွှေလီမြစ်ရေကိုသာ ကျေးရွာလူထုများက မှီခိုအားထားနေကြရသည်။ မြစ်အနီးကျေးရွာအများရှိ လူထုများက စိုက်ပျိုးရေးလုပ်ငန်း၊ ငါးဖမ်းခြင်း၊ အမဲလိုက်ခြင်းတို့ဖြင့်သာ အားထားရှင်သန်နေကြရသည်။ လူထုအများက မိုးမိတ်မြို့သို့ သွားရောက်ရန်၊ ကျေးရွာတစ်ရွာနှင့် တစ်ရွာ ကူးလူးသွားရောက်ရန် ပင်မလမ်းမကြီးများနှင့် ရံဖန်ရံခါ ရေလမ်းကိုအသုံးပြုနေကြရသည်။

ရွှေလီ အမှတ် (၃) ရေအားလျှပ်စစ် စီမံကိန်း တည်ဆောက်ရန် နားလည်မှုစာချွန်လွှာ လက်မှတ်ရေး ထိုးခြင်း။

၂၀၁၀ ခုနှစ်၊ ဖေဖော်ဝါရီလတွင် မြန်မာနိုင်ငံ အမှတ် (၁) လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာန နှင့် ဆွစ်ဇာလန်နိုင်ငံမှ ကိုလန်ကို စွမ်းအင် အင်ဂျင်နီယာ ကုမ္ပဏီ (Colenco Power Engineering) ၏ အမှုဆောင် ဒု–ဥက္ကဋ္ဌ မစ္စတာယန်းဖရန်ဆွာဘဲလင်း (Mr, Jean Francois Belin) တို့ အမှတ် (၃) ရွှေလီရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်ရန် အကြံပေး ဝန်ဆောင်မှု လုပ်ငန်းများအတွက် နားလည်မှုစာချွန်လွှာတစ်ရပ်ကို လက်မှတ်ရေးထိုးခဲ့ကြပါသည်။ လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာန၏ အဆိုအရ ယခုစီမံကိန်းမှနေ၍ ၁၀၅၀မဂ္ဂါဝပ်ထုတ်လုပ်နိုင်မည် ဖြစ်ပြီး၊ တည်ဆောက်ရေးလုပ်ငန်းများကို ၂၀၁၅ တွင် အဆုံးသတ်နိုင်မည်ဟု ဆိုပါသည်။[၂]

စစ်သားများ ဝင်ရောက်နေရာချလာခြင်း

နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပြီးသည့်နောက်တွင် မိုးမိတ်အခြေစိုက် ခြေမြန်တပ်ရင်း (ခမရ)– ၃၀၂ မှ စစ်သား ၂၀ ခန့် ဆည်တည်ဆောက်မည့်နေရာသို့ လုံခြုံရေးယူရန် ရောက်ရှိလာကြသည်။ ၎င်းတို့က စစ်ဆေးရေး ဂိတ်စခန်းများ ဖွင့်လှစ်ပြီး အနီးအနားရွာများမှ သွားလာမှုများကို စစ်ဆေးကြသည်။ ကျေးရွာလူထုများမှာ စစ်သားများကို ရှောင်ကွင်း သွားလာနေကြရသည်။ အကြောင်းမှာ စစ်သားများက ရွာသားများကို ခြိမ်းခြောက်အကျပ်ကိုင်၍ ငွေကြေးတောင်းခံလေ့ ရှိသောကြောင့် ဖြစ်သည်။

ရွှေလီအမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်းနေရာသို့ လမ်းအတွက် မြေများ သိမ်းပိုက်ခြင်း

မိုးမိတ်မြို့မှ အမှတ်(၃) ရေအားလျှပ်စစ်စီမံကိန်း တည်ဆောက်မည့်နေရာသို့ လမ်းသစ်များ ဖောက်လုပ်ခြင်းကို ၂၀၀၉ ခုနှစ်တွင် စတင်ခဲ့ပြီး၊ အကွာအဝေးအားဖြင့် ၁၂–မိုင်ခန့်ရှိပါသည်။ ဒေသခံပြည်သူများ၏ အဆိုအရ ထူးကုမ္ပဏီနှင့် အေးရှား ဝေါလ်တို့က လမ်းဖောက်လုပ်မှု တွင် ပါဝင်ပတ်သက်နေကြပြီး၊ ၎င်းတို့ကလမ်းဖောက်လုပ်ရာ ဒေသအတွင်းမှ သစ်များကိုလည်း ခုတ်ယူထုတ်လုပ်နေကြသည်။

မိုးမိတ်မှ ရွှေလီအမှတ် (၃) သို့ဖောက်လုပ်ထားသည့် လမ်းသစ်

ရေကာတာအမှတ်(၃) ရှိကုမ္ပဏီယဉ် အသုံးအဆောင်ပစ္စည်း သိုလှောင်ရုံ

> "ကုမ္ပဏီတွေက ကျနော်တို့ကို ဘာမှ မပြောပြပါဘူး။ သူတို့က ကျနော့်လယ် တစ်ဧကလောက်ကို လျော်ကြေးမပေးဘဲ ဖျက်ဆီးလိုက်ကြတယ်။ ကျနော်မှာ လယ်လုပ်စားဖို့ ဧကနည်းနည်းပဲ ကျန်တော့တယ်။ အခုလမ်းသစ်ဖောက်တာကြောင့် ကျန်တဲ့ မိသားစုတွေလည်း စပါးကွင်းတွေ၊ ဟင်းသီးဟင်းရွက်ခြံတွေ ဖျက်ဆီးခံကြရတယ်" (အသက် ၆၄–နှစ်ရှိ တအာင်း လယ်သမားတစ်ဦး)

ယခုအချိန်တွင် ကျေးရွာ၃–ခု (အုန်းကျော့သစ်၊ ကော့တောင်၊ ရွှေဇာလီကျေးရွာများ) ရှိ မိသားစု ၅၀ခန့်ထံမှ လယ်ကွင်းများ၊ ဟင်းသီးဟင်းရွက် စိုက်ပျိုးထားသည့်ခြံများ၊ ရပ်ရွာပိုင်သစ်တောများကို သိမ်းပိုက်ယူငင်ခဲ့ကြပြီးဖြစ်သည်။ သိမ်းယူခံရသည့် မြေကွက်များတန်ဖိုး၏ တစ်ဝက်ကို လျော်ကြေးပေးမည်ဟု အာဏာပိုင်များက ကတိထားရှိသော်လည်း၊ ယခုအချိန်ထိတိုင် မည်သည့်လျော်ကြေးငွေမျှ မရရှိဘဲရှိနေကြသည်။ ၎င်းကုမ္ပဏီများနှင့် အမှတ်(၁) လျှပ်စစ်စွမ်းအင်ဝန်ကြီးဌာနက လမ်းတလျှောက်ရှိ ၎င်းကျေးရွာ ၃–ခုတွင် အလုပ်သမားတန်းလျားများနှင့် စက်ပစ္စည်းများသိုလှောင်ရာစခန်းကို ဆောက်လုပ်နေလျက် ရှိသည်။

အခြားလယ်သမားတစ်ဦးကလည်း စိတ်ထိခိုက်စွာဖြင့် လာမည့်နှစ်တွင် သူ၏မိသားစု ဆက်လက်ရှင်သန်ရမည်ကို မသိတော့ကြောင်း ပြောပြခဲ့သည်။

> *"ကျနော့်မှာ လယ် ၁၅ဧကပဲ ပိုင်ပါတယ်။ ကျနော့်မိသားစု လုပ်ကိုင်စားဖို့က ဒီမြေကွက်ကလေးအပေါ်မှာပဲ မှီခိုအားထား နေကြရတာပါ။ အခုတော့ လမ်းဖောက်တာကြောင့် ကျနော့်လယ် တော်တော်များများကို စိုက်လို့မရတော့ဘူး ဖြစ်သွားပြီ။ အခု ကျနော်နဲ့ ကျနော့်မိသားစု စားနေကြရတာက အရင်နှစ်က ကျန်နေတဲ့စပါးနဲ့ စားနေကြရတာပါ။ အခုဟာ ကုန်သွားရင် နောက်နှစ် ဘယ်လိုအသက်ဆက်ရမယ်တောင် မသိတော့ပါဘူး"* ဟု ပြောပြခဲ့သည်။

အဓမ္မနေရာ ပြောင်းရွှေ့စေခြင်း

၂၀၁၀ ခုနှစ်၊ အောက်တိုဘာလတွင် ဒေသခံအာဏာပိုင်များက ဆည်တည်ဆောက်မည့်နေရာ အထက်ပိုင်းရှိ ကျေးရွာ၁၅–ခုမှ လူထုများကို တစ်အိမ်တစ်ဦးစီ ချက်ချင်းလာရောက်ရန် အစည်းအဝေး ဆင့်ခေါ်ခဲ့သည်။ အစည်းအဝေးတွင် မိုးမိတ်မြို့မှ အာဏာပိုင်တစ်ဦးက ကျေးရွာအားလုံးအနေဖြင့် လာမည့် ၃–နှစ်အတွင်း ပြောင်းရွှေ့ရမည်ဟု ထုတ်ပြန်ကြေညာခဲ့သည်။ အစည်းအဝေးတက်ရောက်ခဲ့ရသူ ကျေးရွာသားတစ်ဦးက အာဏာပိုင်များ အစည်းအဝေးတွင် ပြောဆိုခဲ့သည်ကို အောက်ပါ အတိုင်း ပြန်၍ရှင်းပြသည်။

> *"ဆည် အမှတ် (၃) တည်ဆောက်မှုကို အစိုးရကုမ္ပဏီ အေးရှားဝေါလ်က လုပ်လိမ့်မယ်။ အခုဆည်ကို တည်ဆောက်ရတဲ့ ရည်ရွယ်ချက်ကတော့ မြန်မာနိုင်ငံမှာ အထူးလိုအပ်နေတဲ့ လျှပ်စစ်ဓာတ်အား ထုတ်ဖို့ပဲ။ ဒါကြောင့် မိုးမိတ်မြို့နယ်ထဲ ရှိတဲ့ မြစ်အနီးက ကျေးရွာလူထုတွေ ပြောင်းရွှေ့အခြေချဖို့နေရာကို မိုးမိတ်အနားမှာ စီစဉ်ပေးထားတယ်။ ကျနော်တို့ ၃–နှစ် အတွင်း ပြောင်းရွှေ့ပေးကြရမယ်။ အထက်လူကြီးတွေ ပြောတာက ဆည်အထက်ပိုင်းက ကျေးရွာတွေ ရေလွှမ်းခံရလိမ့် မယ်လို့ ပြောတယ်"* (မိုရိုကျေးရွာမှ ရွာသားတစ်ဦး၏ ပြန်လည်ပြောပြချက်)

ကျေးရွာလူထုများမှာ ဤကြေညာချက်အပေါ် အံ့သြဝမ်းနည်းတုန်လှုပ်ကြသလို၊ ယခုအခါ သူတို့၏ အနာဂတ်အတွက်ပါ စိုးရိမ်လာကြသည်။ အာဏာပိုင်များက နေရာသစ်စီစဉ်ပေးမည်၊ လျော်ကြေး အချို့ပေးမည်ဟု ဆိုသော်လည်း၊ ကျေးရွာ လူထုများမှာ အမှန်တကယ်ဖြစ်လာမည်– မဖြစ်မည်ကို မသေချာကြပေ။ သူတို့က နေရပ်ရင်းမှ မရွှေ့ပြောင်းလိုဘဲ ရှိနေကြသည်။ ဆည်စီမံကိန်းကြောင့် လူထုများ၏ အထွဋ်အမြတ်ထားရာ နေရာများ ရေနစ်မြုပ်သွားမည် ဖြစ်သောကြောင့်လည်း ဒေါသဖြစ်နေကြရသည်။ မည်သို့သော စိုးရိမ်ပူပန်မှုများနှင့် လိုလားချက်များ ရှိနေသည်ဖြစ်စေ၊ အာဏာပိုင်များကို စောဒကတက် ပြောဆိုရန်နှင့် ညှိနှိုင်းနိုင်ရန် အလွန်အမင်းခက်ခဲသည်ကိုလည်း သူတို့ကသိနေကြသည်။ အစည်းအဝေးတွင် စစ်သားများရှိနေသည့်အတွက်ကြောင့်လည်း သူတို့၏အသံကို ထုတ်ဖော်ပြောဆိုရန် ကြောက်ရွံ့နေကြသည်။

> *"တစ်အိမ်ကနေ လူတစ်ဦးအစည်းအဝေးတက်ခိုင်းတယ်။ အာဏာပိုင်တွေက ကျေးရွာလူထုတွေကို ပြောင်းရွှေ့ဖို့ အမိန့် ပေးလာတယ်။ အာဏာပိုင်တွေကတော့ မိုးမိတ်အပြင်ဖက်မှာ နေရာအသစ် စီစဉ်ပေးမယ်လို့ ပြောတယ်။ ကျနော်က အိမ် အသစ်ဆောက်ပြီးစဆိုတော့ ပြောင်းရွှေ့ဖို့ဆိုတာ စဉ်းစားဖို့ ခက်လှတယ်။ အခုတော့ ဆောက်ထားတဲ့အိမ်ကို ပြန်ဖျက်ရ တော့မယ်။ အစိုးရကတော့ အိမ်နဲ့ မြေတွေကို တန်ဖိုးရဲ့တစ်ဝက် လျော်ကြေးပေးမယ်လို့တော့ ပြောတယ်။ ဒါပေမယ့် ကျနော်က လျော်ကြေးပေးမယ်ဆိုတာ လုံးဝမယုံဘူး"* (မိုရိုကျေးရွာမှ တအာင်းရွာသားတစ်ဦး)

> "ဘုန်းကြီးက ဒီနေရာမှာ နေလာတာ ၁၅–နှစ်ရှိပြီ။ ဆည်ဆောက်တဲ့အခါ ဘုန်းကြီးကျောင်းတွေ ဘုရားစေတီတွေသာမက ဘူး၊ ဘုန်းကြီးတို့ တတွေလည်း တခြားရွာသားတွေနဲ့ အတူ ပြောင်းရွှေ့ကြရမယ်ဆိုတော့ စိတ်မကောင်းဖြစ်မိတယ်။" (ဆည်ကြောင့် ထိခိုက်နစ်နာရသည့်ဒေသမှ ရဟန်းတစ်ပါး)

"ကျေးရွာသားတစ်ဦးကလည်း သူ၏အမြင်ကို ပြောပြသည်။ ကျနော်မွေးလာကတည်းက ရွှေလီမြစ်ရေကိုသောက်ပြီး ဒီရွာမှာ ကြီးပြင်းလာတာ၊ ကျနော်သက်မွေးဝမ်းကျောင်းနေရတာလည်း တံငါအလုပ်၊ ဒီမြစ်ကိုပဲ မှီခိုနေရတာ။ မကြာသေးမီက မိုးမိတ် အာဏာပိုင်တွေဆီက အမိန့်စာထွက်လာတော့ လာမယ့် ၃–နှစ်အတွင်း ပြောင်းရွှေ့ကြရမယ် ပြောတယ်။ လူတွေက ကြောက်တော့ ဘယ်သူမှ စောဒကမတက်ရဲကြဘူး။ ကျနော်က တခြားနေရာကို မပြောင်းချင်ဘူး။ ပြောင်းပြီးတဲ့အခါ သက် မွေးဝမ်းကျောင်းကိစ္စ ဘယ်လို ဆက်လုပ်စားရမယ်လည်း မသိဘူး။ ဘယ်လို ပိုက်ဆံရှာ အသက်ဆက်ရမယ်လည်း မသိ တော့ဘူး"ဟု ဆိုသည်။

အာဏာပိုင်များက ပြန်လည်နေရာချထားမည့် ကျေးရွာကို မိုးမိတ်မြို့နှင့် အမှတ် (၃) ဆည်အကြားတွင် တည်ဆောက်ပေးမည်၊ ယခုအခါ သစ်တောများ စတင်ရှင်းလင်းနေပြီဟု ဆိုသည်။ သို့သော်လည်း ကျေးရွာလူထုများ ပြောင်းရွှေ့အခြေချလာသည့်အခါတွင် ရွှေဇာလီ၊ အုန်းကျော့သစ်၊ ကူနစ်မိုင်း၊ ကျူးစာစသည့်ရွာနီးချုပ်စပ် ကျေးရွာမှလူထုများနှင့် မြေယာကိစ္စ အငြင်းပွားရဖွယ်လည်း ရှိနေသည်။

ရေလုံးဝ လွှမ်းမိုးနစ်မြုပ်ခံရမည်ဖြစ်၍ ပြောင်းရွှေ့ရန် အမိန့်ထုတ်ပြန်ထားပြီး ဖြစ်သည့် ကျေးရွာ ၅–ခု အပြင်၊ မိုးမိတ်မြို့နှင့် ရွာအများကုန်သွယ်နေကြသည့် ပင်မလမ်းမကြီးလည်း ရေနစ်မြုပ်ခံရမည် ဖြစ်သည်။ ၎င်းလမ်းကို အမှီပြု၍ လက်ဖက်၊ ဆန်၊ ဆီ၊ ဆား၊ ကြက်သွန်များ ကုန်သွယ်နေကြရသည့် အခြားရွာ ၅–ခုမှာလည်း နစ်နာကြရမည် ဖြစ်သည်။ ကုန်များကို ပို့၍ ဝေးကွာသည့် မိုင်းတုန်မြို့မှ

ရေကာတာအမှတ် (၃) နေရာ ရှင်းလင်းပြီးစီး။ တောင်ထိပ်တွင်ရှိသော အမှတ်အသားသည် ရေကာတာ ထိပ်ပိုင်းဖြစ်သည်။

ရေကာတာ အမှတ် (၃) ကြောင့် ရေလွှမ်းခံရမည့် ရွာတစ်ရွာ။ ရေလွှမ်းမိုးသွားမည့် အထွတ်အမြတ်ထားသော စေတီပုထိုးများနှင့် ဘုန်းကြီးကျောင်းများ

ဝယ်ယူကြရမည်ဖြစ်ပြီး၊ သွားလာရေးလမ်းကြောင်း ပိတ်ပင်သွားသည့်အတွက် ပို၍အခက်အခဲများလည်း ကြုံတွေ့ရဖွယ် ရှိနေသည်။

> *“အဘာကဒီနေရာမှာ အဘိုးအဘွားတွေ လက်ထက်ကတည်းက နေလာတာ။ အခုတော့ အစိုးရက ဆည်လာဆောက်တော့မယ်။ သူတို့က ရွာကလူတွေကို အိမ်တွေ ပြောင်းရွှေ့ဖို့ အမိန့်ပေးနေပြီ။ သူတို့နဲ့ ဆွေးနွေးပြောဆိုလည်း ရဖို့ အကြောင်းမရှိဘူး။ အဘာက အင်မတန်စိတ်ပျက်တယ်။ ဒေသခံအာဏာပိုင်တွေက အဘာကိုလည်း အတင်းအကျပ် ပြောင်းရွှေ့ခိုင်းနေပြီ။ အိမ်တွေ၊ လက်ဖက်ခင်းတွေ၊ စပါးခင်းတွေ၊ တခြားစိုက်ပျိုးစားလို့ရတဲ့ မြေတွေကို သယ်သွားလို့ရတာမဟုတ်ဘူး။ သူတို့ပြောတာက မိုးမိတ်မှာနေရမယ်ပြောတယ်။ ဒါပေမယ့် အဘာနဲ့ မိသားစုက အဲဒီကိုမပြောင်းချင်ဘူး။ အခုအချိန်ထိတော့ ဒီမှာပဲဆက်နေပြီး၊ တကယ်လို့ ရေကြီးလာရင် တောင်ပေါ်ကို ရွှေ့ပြီးနေတာပေါ့”* (နားရုံကျေးရွာမှ တအာင်းမိသားစု တစ်စု)

ရွှေလီ အမှတ် (၃) ရေအားလျှပ်စစ်စီမံကိန်းကြောင့် ရေလွှမ်းခံရမည့် ဇုံ

စဉ်	ကျေးရွာများ	အိမ်ထောင်စုများ	လူဦးရေ	တိုင်းရင်းသားလူမျိုး
ကျေးရွာများ ရေလွှမ်းခံရမည်ဖြစ်၍ ၂၀၁၃ ခုနှစ် နောက်ဆုံးထား၍ ပြောင်းရွှေ့ရန် အမိန့်ထုတ်ထားပြီး ဖြစ်သည်။				
၁	မိုဒ္ဒီ	၂၅၂	၁၇၀၄	တအာင်း၊ ရှမ်း၊ ဗမာနှင့် ကချင်
၂	နားရုံ	၅၆	၂၄၃	တအာင်း၊ ရှမ်း၊
၃	နားရား	၈၀	၄၈၀	တအာင်း။
၄	မိုးကတ်	၆၀	၃၆၅	တအာင်း၊ ရှမ်း နှင့် ဗမာ
၅	နားဆောက်	၁၀၀	၆၄၈	တအာင်း၊ ရှမ်း
ကုန်သွယ်လမ်းများ ရေလွှမ်းခံရမည်။ လယ်မြေများနှင့် သစ်တောများ ဆုံးရှုံးမည်။				
၆	မြစ်ဆုံ	၂၃၀	၁၅၆၈	တအာင်း၊ ရှမ်း နှင့် ဗမာ
၇	ပန်းတင်း	၇၀	၃၉၅	တအာင်း
၈	ခိုပန်	၉၀	၅၃၅	တအာင်း၊ ရှမ်း
၉	မန်ပြိန်း	၉၀	၅၄၆	တအာင်း၊ ရှမ်း
၁၀	မန်ဆွန်း	၅၀	၂၈၅	တအာင်း၊
၁၁	ပန်းတိန်း	၇၈	၄၆၀	တအာင်း၊ ရှမ်း၊ ကချင်
၁၂	ပန်းဘိန်း	၆၇	၃၂၃	တအာင်း၊
၁၃	ပန်းကား	၅၀	၂၉၇	တအာင်း၊ ကချင်
၁၄	ကွတ်ကုန်	၇၉	၄၇၆	တအာင်း၊ ရှမ်း၊ ကချင်
၁၅	ဘုတ်ဖွင့်	၅၅	၃၂၄	တအာင်း၊
လမ်းဖောက်လုပ်ရေးနှင့် လျာထားသည့် ပြန်လည်နေရာချထားရေး စခန်းများကြောင့် မြေဆုံးရှုံးရမည်။				
၁၆	ရွှေဇာလီ	၈၄	၅၀၇	တအာင်း၊ ရှမ်း
၁၇	အုန်းကျော့သစ်	၁၈၅	၁၂၀၀	တအာင်း၊ ရှမ်း နှင့် ဗမာ
၁၈	ကျူးစာ	၄၆	၂၇၀	တအာင်း၊ ရှမ်း
၁၉		၆၆	၃၉၀	တအာင်း၊
၂၀	နားယုတ်	၅၈	၃၄၆	တအာင်း၊ ရှမ်း နှင့် ဗမာ
	ကူးနစ်မိုင်း	၁၈၄၆	၁၁၁၉၀	
	စုစုပေါင်း			

ရွှေလီ ရေကာတာ အမှတ် (၂) နှင့် (၃) စီမံကိန်းကြောင့် ခန့်မှန်းခြေရေလွှမ်းမည့် ဒေသများ



ရေကာတာအနီးတစ်ဝိုက်ရှိ ခန့်မှန်းခြေ ရွှေ့ပြောင်းခံရမည့်မြေနေရာများ

အမှတ် (၃) ရေကာတာကြောင့် ခန့်မှန်းခြေ ရေလွှမ်းနိုင်မည့် မြေယာများ



အမှတ် (၂) ရေကာတာကြောင့် ရေလွှမ်းမည့် မြေယာများကို နောက်ဆက်တွဲတွင်ကြည့်ပါ

သယ်ယူရန် စောင့်ဆိုင်းနေသော သစ်များ

ရွှေလီမြစ်ကြောင်းတလျှောက် သစ်ထုတ်လုပ်ငန်းများ

၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလနှင့် ၂၀၁၁ ခုနှစ်၊ မေလအကြား ခြောက်သွေ့ရာသီတွင် ရွှေလီမြစ်ကြောင်းတလျှောက်၌ တရုတ်နှင့် မြန်မာလုပ်ငန်းရှင်များက ကျွန်းသစ်၊ ကီနိုနှင့် အခြား သစ်မာများကို အကြီးအကျယ် ပရမ်းပတာ ထုတ်ယူနေခဲ့ကြသည်။ ထရပ်ကားကြီးများဖြင့် သစ်လုံးကြီးများကို တရုတ်နိုင်ငံအတွင်းသို့ နေ့စဉ်နှင့်အမျှ သယ်ဆောင်နေကြရာ၊ ယခုအခါ ရွှေလီအမှတ် (၃) ရေအားလျှပ်စစ်စီမံကိန်းအနီးရှိ အရေးပါသည့် သစ်တောကြီးများမှာ ကုန်သလောက်ရှိနေပြီ ဖြစ်သည်။ မြန်မာစစ်ခေါင်းဆောင်များနှင့် နီးစပ်သည့် ပြည်တွင်းရှိ စီးပွားရေးလုပ်ငန်းကြီးများ ဖြစ်သည့် အေးရှားဝေါလ်နှင့် ထူးသစ်ထုတ်လုပ်ရေး ကုမ္ပဏီလီမိတက်တို့ကလည်း မိုးမိတ်မှ ဆည်တည်ဆောက်မည့်နေရာသို့ လမ်းကြောင်းသစ် ဖောက်လုပ်လျက်ရှိရာ ၎င်းတို့ကလည်း သစ်များကို အကြီးအကျယ် ထုတ်လုပ်နေကြသည်။

"ရွှေလီ အမှတ် (၃) ဆည်နေရာမှာ လူအတော်များများက ကျွန်းသစ်တွေ ခုတ်ယူနေကြတယ်။ သူတို့က တောထဲမှာ စက်တွေ၊ ဆင်တွေသုံးပြီး သစ်တွေကို လမ်းမကြီးပေါ် ဆွဲထုတ်လာတယ်။ တစ်ခါတလေဆိုရင် တစ်နေ့ကို ထရပ်ကား အစီး ၄၀–၅၀ ကျော်လောက် စက်ရုံတည်မယ့်နေရာကနေပြီး တရုတ်ပြည်နယ်စပ်ကို သစ်တွေ ခိုးထုတ်နေကြတယ်။ ကုမ္ပဏီကားတွေက ရှေ့ပြေးအစောင့်အဖြစ် ရှေ့ကနေမောင်းကြပြီး၊ သူတို့က စာရွက်စာတမ်းကိစ္စတွေ၊ ဂိတ်ကြေးတွေ ကြိုတင်ညှိနှိုင်းပေးကြတယ်။ ဒါမှပဲ စစ်ဆေးရေးဂိတ်တွေကို အနှောင့်အယှက်မရှိ အဲဒီသစ်ကားတွေ ဖြတ်သွားနိုင်ကြမှာ ဖြစ်တယ်။" (နမ့်ခမ်းရှိ ထရပ်ကားပိုင်ရှင် တစ်ဦး)

မြန်မာစစ်တပ်တပ်ဖွဲ့များက အမှတ်(၃) ဆည်ဆောက်လုပ်မည့်နေရာနှင့် တရုတ် နိုင်ငံ နယ်စပ်အကြား ၎င်းတို့ထိန်းချုပ်ရာနေရာများမှ ဖြတ်သန်းသွားသည့် ထရပ်ကားများ ထံမှ လာဘ်ငွေများ တောင်းခံတတ်ကြသည်။ ခမရ(၃၀၂)၊ (၁၃၀)နှင့် (၁၄၄) တို့မှ ဒေသခံစစ်သားများအပြင်၊ နမ့်ခမ်းမြို့နယ် မန်တုံ–ပန်းဆေးဒေသရှိ စစ်အစိုးရ ကျောထောက်နောက်ခံပြုထားသော ပြည်သူ့စစ် လက်နက်ကိုင် တပ်ဖွဲ့များမှ စစ်သားများ၊ သစ်တောဌာနဝန်ထမ်းများကလည်း ရှမ်းပြည်နယ် မြောက်ပိုင်းတွင် သစ်ထုတ်ယူနေမှုအတွက် ထရပ်ကားပိုင်ရှင်များကို ငွေညှစ်တောင်းခံတတ်ကြသည်။ သို့သော်လည်း ထူးကုမ္ပဏီနှင့် တရုတ်ကုမ္ပဏီများမှာ အထက်အာဏာပိုင်များထံမှ အထူးဖြတ်သန်းခွင့် လက်မှတ်များ ရရှိထားကြပြီး၊ ဆည်တည်ဆောက်ရာနေရာမှ တရုတ်နိုင်ငံသို့ အနှောက်အယှက် ကင်းကင်းဖြင့် ဖြတ်သန်းမောင်းနှင် နိုင်ကြသည်။

ရှမ်းပြည်နယ်အတွင်းရှိ မြို့နယ်နှင့် ကျေးရွာ အများအပြားမှသော်လည်းကောင်း၊ မြန်မာနိုင်ငံ အလယ်ပိုင်းမှသော်လည်း ကောင်း လူအများက ယခုသစ်ထုတ်လုပ်သည့်နေရာများတွင် လာရောက်လုပ်ကိုင်နေကြပြီး၊ ဝင်ငွေရှာဖွေနေကြသည်။ အချို့က သစ်ပင်ခုတ်၍၊ အချို့က ခုတ်ပြီးသားသစ်လုံးများကို ထရပ်ကားများပေါ်သို့ တင်ပေးကြရသည်။ အချို့က သစ်တောတလျှောက် လုံခြုံရေးစောင့်ကြပ်ပေးကြရသည်။ အခကြေးငွေ ကောက်ခံမည့်ရဲများ၊ စစ်ဆေးရေးဂိတ်များ ရှိလျှင် သူတို့က ကြိုတင်သတိပေးကြရသည်။ သစ်ထုတ်လုပ်ငန်းများတွင် လုပ်ကိုင်ကြသူ ဒေသခံများက ညအချိန်တွင် လုံခြုံရေး အခြေအနေကို စောင့်ကြည့်၍ သစ်လုံးများကို ထရပ်ကားပေါ် တင်ပေးကြရသည်။

မိုးမိတ်မြို့နယ်ရှိ သစ်တောဝန်ကြီး၏ သစ်မခုတ်ရ ဆိုင်းဘုတ်၊ သို့သော်လည်း ထိုဒေသတွင်ရှိသော သစ်ပင်ကြီးများကိုမူ သစ်ထုတ်လုပ်ရေးကုမ္ပဏီမှ ခုတ်ထွင်ထားပြီးဖြစ်သည်။

ဒေသခံများကို တိုင်းရင်းဆေးနှင့် တိရိစ္ဆာန်မွေးမြူရေးအတွက် ခွင့်ပြုထားသော သင်္ကေတ။ ယခုအချိန်တွင် စစ်တပ်များမှ သစ်ထုတ်လုပ်ရေးကုမ္ပဏီများကို ခွင့်ပြုထားသောကြောင့် ဒေသခံများကို ဝင်ခွင့်မပြုတော့ပါ။

ကုမ္ပဏီများက ဒေသတွင်းမှ ကျွန်းသစ်များကို ခိုးယူထုတ်လုပ်နေကြခြင်း

စီမံကိန်းမစတင်မီတွင် အမှတ် (၃) ရေအားလျှပ်စစ် စီမံကိန်းအနီးရှိ ဒေသခံလူထုများအနေဖြင့် ပေါကြွယ်ဝသည့် သစ်တောအတွင်းမှ ကျွန်းသစ်ကိုခုတ်၍ ကျောင်းနှင့် အိမ်များဆောက်လုပ်ရန် အသုံးပြုနိုင်ခဲ့ကြသည်။ သစ်ကို စီးပွားဖြစ် ထုတ် လုပ်ခြင်းမဟုတ်ဘဲ၊ ဒေသအသုံးအတွက်သာ ခုတ်ယူကြခြင်းဖြစ်သည်။ "ကျနော်တို့ရွာမှာ ကျွန်းသစ်တောတွေ အများအပြား ရှိပါတယ်။ ကျွန်းသစ်ပင်တွေကို ခုတ်ပြီး အိမ်တွေ၊ တိရိစ္ဆာန်မွေးဖို့ခြံတွေ၊ ကျောင်းတွေ ဆောက်နိုင်ကြတယ်။ ကျွန်းအပင်ကြီးတွေကို ချန်ထားကြပြီး၊ အပင်ငယ်တွေလောက်ကိုပဲ ဒေသသုံးအတွက် ခုတ်ယူကြတယ်။ ဒါပေမယ့် စီမံကိန်းစတဲ့ အချိန်ကစလို့ ကျွန်းသစ်ရောမ အပင်ကြီးတွေကိုပါ ကုမ္ပဏီတွေက စီးပွားဖြစ် အကြီးအကျယ်ခုတ်ယူနေကြပြီ။ ကျွန်းပင်ဆိုလို့ အပင်ငယ်ငယ်တွေပဲ ကျန်တော့တယ်။" (မိုရိုကျေးရွာ လူထုတစ်ဦး)

မူးယစ်ဆေးဝါး လွတ်လပ်စွာ သုံးစွဲခွင့်နှင့် စီမံကိန်း ဇုံအတွင်း ရောင်းဝယ်နေကြခြင်း

မြောက်ပိုင်းရှမ်းပြည်နယ်ရှိ နမ့်ခမ်း၊ မိုင်းတုံ၊ နမ့်ဆန်၊ မိုးမိတ်မြို့နယ်များသည် မြန်မာစစ်တပ် ထိန်းချုပ်မှုအောက်၌ ရှိနေကြသည်။ ဤဒေသများတွင် ၂၀၁၁ ခုနှစ်မှစ၍ ဘိန်းစိုက်ပျိုးမှုနှင့် မူးယစ်ဆေးဝါး ထုတ်လုပ်မှု အကြီးအကျယ် တိုးတက်လာခဲ့သည်။ တအာင်းဒေသများတွင် မူးယစ်ဆေးဝါးများကို လွယ်လင့်တကူ ဖောက်ကားရောင်းဝယ်နိုင်ကြပြီး၊ အထူးသဖြင့် သစ်ထုတ်လုပ်ရာ နေရာများနှင့် ဆည်တည်ဆောက်ရေးလုပ်ငန်းများ အနီးတဝိုက်တွင် ဤသို့ မူးယစ်ဆေးရောင်းဝယ်မှု ဖြစ်ပေါ်နေသည်။ တရုတ်အလုပ်သမားများ၊ ထရပ်ကားမောင်းနှင်သူ ဒရိုင်ဘာများ၊ ဒေသခံလူငယ်များနှင့် ရွာသားများက စိတ်ကြွဆေး၊ ဘိန်းဖြူ၊ ဘိန်းမဲများကို သုံးစွဲနေကြသည်။ စိတ်ကြွဆေးကို သစ်ထုတ်လုပ်ငန်း သွားရာလမ်းတလျှောက်ရှိ ရွာတိုင်းနီးပါးလောက်တွင် ဝယ်ယူရရှိနိုင်ကြပြီး၊ အချို့သော တရုတ်များနှင့် သစ်လုပ်ငန်းပိုင်ရှင် သူဌေးများကလည်း အလုပ်သမားများကို စိတ်ကြွဆေး တိုက်ကျွေးလေ့ရှိကြသည်။ ဒေသခံအာဏာပိုင်များကလည်း မူးယစ်ဆေး ဖောက်ကားရောင်း ဝယ်သူများနှင့် ပူးပေါင်းစီးပွားရှာနေကြသည်။

"လူအမျိုးမျိုးက ကျနော့်ဆီကနေ စိတ်ကြွဆေးလာဝယ်ကြတယ်။ တစ်နေ့တစ်နေ့ကို ဆေးလုံး ၅၀ လောက် ရောင်းရပြီး၊ တချို့နေ့တွေဆိုရင် ပိုပြီး ရောင်းရသေးတယ်။ ကျနော်ရောင်းတာ ဆေးက ၂-မျိုးရှိတယ်။ ဒါပေမယ့် ကျနော့်ဆီကဆေးဝယ် တဲ့သူတွေက လူသိများတဲ့ မူးယစ်ဆေးရာဇာ ပန်းဆေးကျော်မြင့် ဆီက

ထုတ်တဲ့စိတ်ကြွဆေးပဲ ဝယ်တယ်။ အရည် အသွေးအပေါ် မူတည်ပြီး ကျပ် ၂,၀၀၀ လောက် ပေးရတယ်။ ကျနော်က အာဏာပိုင်တွေကို အနှောင့်အယှက်မရှိဘဲ ဆေး ရောင်းချနိုင်ဖို့ တစ်လကို ကျပ် ၅၀,၀၀၀ ပေးရတယ်။ တစ်ခါတလေ ဒေသခံရဲတွေနဲ့ စစ်သားတွေလည်း ကျနော့်ဆီမှာလာ ပြီး ဆေးသုံးကြတယ်” (မိုးမိတ်မှ ကချင်လူမျိုးတစ်ဦး)

ဒေသခံ အာဏာပိုင်များက ဒေသခံပြည်သူများ မူးယစ်ဆေးဝါး အန္တရာယ်မှ ကာကွယ်ပေးနိုင်ရန် မည်သို့မျှ အရေးယူဆောင်ရွက်ခြင်း မရှိကြပေ။ မူးယစ်ဆေး ရောင်းဝယ်နေသူများကို သူတို့ ကိုယ်တိုင်သိသော်လည်း ဖမ်းဆီးခြင်းမပြုကြပေ။ ၎င်းအစားသူတို့၏အကျိုးအတွက် ငွေညှစ် တောင်းခံခြင်းသာ ပြုနေကြသည်။ မူးယစ်ဆေးရောင်းဝယ်သူများက ရဲများနှင့် စစ်သားများကို ငွေ၊ သို့မဟုတ် မူးယစ်ဆေးပေးလိုက်သည့်အခါ သူတို့က မြို့/ရွာများထဲတွင် မူးယစ်ဆေးကို ပြန်လည် ရောင်းချကြသည်။ ၎င်းမြို့နယ်များတွင် တာဝန်ကျနေသော ရဲ/စစ်သားအများအပြားမှာလည်း ကိုယ်တိုင် မူးယစ်ဆေးစွဲနေ ကြသည်။ ပန်းတိုင်ကျေးရွာတွင် စခန်းချနေသည့် မိုးမိတ်မြို့ အခြေစိုက် စစ်တပ်မှ စစ်သားများသည် အရက်မူးယစ်၊ ဆေးမူး ယစ်နေကြပြီး စခန်းသို့ ပြန်မလာဘဲ၊ တောထဲတွင် ရက်အတန်ကြာ လျှောက်သွားနေတတ်ကြသည်။ စစ်တပ်များက သူတို့၏ ရဲဘော်များကို တောထဲတွင် ရှာဖွေပေးရန် ရွာသားများကို အတင်းအကျပ် ခိုင်းစေခဲ့ကြသည်။ ရွာသားများက ဤသို့ ရဲဘော်ပျောက် ရှာဖွေပေးရသည့် ခရီးတွင်၊ သူတို့၏ ကိုယ်ပိုင်ရိကက္ခာများကို ကိုယ်တိုင်ယူငင်သွား၍ ရှာဖွေပေးခဲ့ကြရသည်။ ကျေးရွာသားများက စစ်သားတစ်ဦးကို တောနက်ထဲတွင် ရှာဖွေတွေ့ရှိသော်လည်း၊ ဤသို့ ရှာဖွေတွေ့နိုင်ရန် အချိန် ၄–ရက် ခန့် ပေးခဲ့ကြရသည်။

ကျေးရွာလူကြီးတစ်ဦးက ပြောရာတွင် “သူတို့က ကျနော့်အိမ်မှာ ၁၀–ရက်လောက် လာနေတယ်။ အကြောင်းက သစ်တွေသယ်တဲ့ ထရပ်ကားတွေကနေ အခွန်ကောက်ဖို့ပဲ။ သူတို့က အချို့ကားဒရိုင်ဘာ တွေကို ငွေအတင်းအကျပ်တောင်းတယ်။ ဒရိုင်ဘာတွေကလည်း ငွေမပေးကြဘူး။ သူတို့က စိတ်ကြွဆေးတွေ ဝယ်ပြီးတော့ ကျနော့်အိမ်မှာ နေတိုင်းဆိုသလို သုံးနေကြတယ်။ ကျနော်လည်း သူတို့အပေါ် အင်မတန် စိတ်ဆိုးတယ်။ ဒါပေမယ့် ဘာမှ ပြောလို့မရဘူး။ ကျနော်ကိုလည်း ကြက်သား၊ ဝက်သား နေ့တိုင်းလိုလို အတင်းအကျပ် ရှာဖွေချက်ခိုင်းနေတယ်”။

Photo by PWO

တအာင်းဒေသအတွင်းရှိ မူးယစ်ဆေးဝါးသုံးစွဲသူများ

အနည်းငယ်မျှသော အကျိုးရလဒ်များ

အထက်တွင် ဖော်ပြခဲ့သည့်အတိုင်း ရွှေလီအမှတ် (၂) နှင့် (၃) ရေအားလျှပ်စစ် စီမံကိန်းတို့မှ ထွက်ရှိလာမည့် လျှပ်စစ်များကိုလည်း တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချမည်ဟု ယူဆရသည်။ အကယ်၍ ထွက်ရှိလာသည့် လျှပ်စစ်ကို မြန်မာနိုင်ငံအတွင်း ပြန်လည်အသုံးချမည်ဆိုသည့်တိုင်၊ ရွှေလီအမှတ် (၁) စီမံကိန်းတွင် ခံစားခဲ့ရသည့် အတွေ့အကြုံအရ ဒေသခံပြည်သူများအတွက် များများစားစား အကျိုးဖြစ်ဖွယ် မရှိပေ။ ရွှေလီအမှတ်(၁) ရေအားလျှပ်စစ်စီမံကိန်းမှ ထွက်ရှိလာသည့် လျှပ်စစ်ဓာတ်အား အများစုကို တရုတ်နိုင်ငံသို့ တင်ပို့ရောင်းချပြီး၊ ကျန်ဓာတ်အားကို မြန်မာနိုင်ငံအတွင်းရှိ စစ်တပ်ပိုင်စက်ရုံများ၊ မြို့များ အနီးတဝိုက်ရှိ ငွေကြေးတတ်နိုင်သူ အိမ်ထောင်စုများနှင့် စီးပွားရေးလုပ်ငန်းများကိုသာ ရောင်းချခြင်း ပြုခဲ့ကြသည်။

ဆည်နေရာရှိ ကျေးရွာများ မှောင်အတိ နေထိုင်နေရခြင်း

ရွှေလီအမှတ် (၁) ရေအားလျှပ်စစ်စက်ရုံတည်ရှိရာ မန်တပ်ကျေးရွာသည် တာဘိုင်စက်များ အားလုံးတပ်ဆင် လည်ပတ်နေပြီ ဖြစ်သည့်တိုင်၊ ယနေ့အထိ လျှပ်စစ်မီးမရရှိဘဲ မှောင်အတိနေထိုင်နေကြရသည်။ ဆည်မှထွက်ရှိလာသည့်လျှပ်စစ် ကို ဘုန်းတော်ကြီးကျောင်းနှင့် စစ်စခန်းကိုသာ အသုံးပြုခွင့် ပေးထားသည်။ အချို့သော မိသားစုများက အငယ်စားရေအား လျှပ်စစ်ထုတ်စက်များ အသုံးပြုကာ သူတို့အိမ်အတွက် ကိုယ်ပိုင်မီးရရှိနိုင်ကြသည်။ ဆည်တည်ဆောက်ပြီးစီးသည့်အခါ ယခင်သူတို့ မျှော်လင့်ချက်များ မည်မျှပျောက်ကွယ်သွားခဲ့ရသည်ကို ဒေသခံ အမျိုးသမီးတစ်ဦးက ရှင်းပြသည်။

> "ကျမတို့ရွာမှာ ဘုန်းကြီးကျောင်းတစ်ခုပဲ လျှပ်စစ်မီး အလကားရတယ်။ အရင်တုန်းက အာဏာပိုင်တွေပြောတာက စက်ရုံပြီးရင် မီး၂၄–နာရီ ရစေမယ်ပြောခဲ့တယ်။ အဲဒီအချိန်တုန်းက ထင်တာ မီးရရင်ရုပ်ရှင်ကြည့်နိုင်ပြီဆိုပြီး ပျော်ရွှင်ခဲ့ကြတယ်။ ဒါပေမယ့် အခုတော့ မျှော်လင့်ချက်တွေ ပျောက်ကုန်ပြီ။ အစိုးရအပေါ်မှာ ဘယ်တော့မှ မှီခိုနေလို့မရဘူး။ ကိုယ့်ဘာသာပဲ အားကိုးရတော့မယ်"။

အမှောင်လွှမ်းနေဆဲ အမှတ် (၁) ရေကာတာမှ မီးကြိုးလိုင်းများ ဖြတ်သန်းသွားသည့် ရွာတစ်ရွာ

စစ်တပ်၊ စစ်တပ်နှင့် ဆက်နွယ်နေသော စီးပွားရေးလုပ်ငန်းများအတွက်သာ လျှပ်စစ်ကို အသုံးချနေခြင်း

၂၀၀၉ ခုနှစ်တွင်၊ နမ္မတူမြို့နယ် မန်ဆန်ကျေးရွာတွင် အမှတ် (၁) ရွှေလီ ရေအားလျှပ်စစ်စီမံကိန်းမှ ဓာတ်အားကို လားရှိုးမြို့ သို့ ဖြန့်ဖြူးနိုင်ရန် လျှပ်စစ်ဓာတ်အားခွဲ စက်ရုံတစ်ရုံကို တည်ဆောက်ပြီးစီးခဲ့သည်။ ဤသို့ပို့လွှတ်သည့် ဓာတ်အားအများစု ကို စစ်တပ်ပိုင်စက်ရုံများနှင့် စစ်တပ်၏ ဆွေမျိုးသားချင်းများသာ ခံစားခွင့် ရှိကြသည်။ ၂၀၁၀ ခုနှစ် ရွေးကောက်ပွဲကျင်းပချိန်ကာလတွင် ဗိုလ်ချုပ်မောင်မောင်ဆွေက နမ့်ဆန်မြို့နယ်ရှိ ပြည်သူများကို ရွေးကောက်ပွဲအတွက် ကတိပေးရာ၌ ရွှေလီ အမှတ် (၁) ရေအားလျှပ်စစ် စက်ရုံမှ လျှပ်စစ်ရရှိစေမည်ဟု ဆိုခဲ့သည်။ သို့သော်လည်း လျှပ်စစ်များကို စစ်တပ်ပိုင် လက် ဖက်စက်ရုံ ၂-ရုံ နှင့် စစ်တပ်နှင့် ဆက်နွယ်နေသည့် ကုမ္ပဏီများ၊ လုပ်ငန်းများအတွက်သာ အသုံးပြုနေသေးသည်။

ရရှိသည့်လျှပ်စစ်မီးမှာ ပုံမှန်မဟုတ်သလို၊ တတ်နိုင်စွမ်းသည့်အဖိုးအခ မဟုတ်ခြင်း

မူဆယ်နှင့် နမ့်ခမ်းမြို့နယ်များသည် ၁၉၉၀ ခုနှစ်များမှစ၍ အဖိုးအခ ချိုသာသည့်ဈေး နှုန်းဖြင့် တရုတ်နိုင်ငံမှ လျှပ်စစ်ဝယ်ယူသုံးစွဲနိုင်ကြသော်လည်း၊ ရွှေလီအမှတ်(၁) ဆည်တည်ဆောက်ပြီးစီးသည့် အချိန်မှစ၍ ၂၀၁၀ ခုနှစ်၊ ဧပြီလတွင် ၎င်းလျှပ်စစ်ဓာတ်အားပေးရုံမှ ထွက်ရှိသည့် ဓာတ်အားကိုသာ သုံးစွဲရန် အမိန့်ထုတ်ပြန်ခဲ့သည်။ သူတို့က ဒေသတွင်းမှ မိမိဘာသာ လျှပ်စစ်ထုတ်ယူအသုံးပြုနိုင် ကြသော်လည်း၊ ဝယ်ယူနေရသည့် လျှပ်စစ်မီး ပုံမှန်မရရှိခြင်းနှင့် ဈေးနှုန်းကြီးမြင့်လွန်း ခြင်း၊ အတင်းအကျပ် ကြေးများ ကောက်ခံနေခြင်းအပေါ် မကျေမနပ် ပြောဆိုနေကြသည်။ လျှပ်စစ်ပုံမှန်မရရှိခြင်းကြောင့် လုပ်ငန်းများအနေဖြင့် အဆင်ပြေချောမွေ့စွာ လည်ပတ်နိုင်စေရန် အတင်းအကျပ်တောင်းခံသည့် ငွေကြေးများ ပေးနေကြရ သည်။ မီးသုံးစွဲသူများက မိမိ၏ မီတာဘောက်ကို မိမိဘာသာ ဝယ်ယူတပ်ဆင်ကြရပြီး၊ မီတာဘောက် တစ်ခုလျှင် ကျပ် ၇ သိန်းခန့် မတန်တဆကြေးကိုလည်း ပေးကြရပြန်သည်။ အချို့မိသားစုများမှာ ဈေးကြီးမြင့်လွန်းသောကြောင့် မီတာဘောက်မပြောင်းဘဲ သည်အတိုင်းနေကြရာ မီးမရနိုင်ဘဲဖြစ်နေကြသည်။ နမ့်ခမ်းမြို့နယ်တွင် မိသားစုများက မီတာဘောက်များ လျှောက်ထား ကြသော်လည်း၊ သူတို့ကို မည်မျှ တန်ရာတန်ဖိုးဖြတ်မည်မှန်း မသိရသေးဘဲ ရှိနေကြသည်။

> "ကျနော်တို့ တရုတ်ပြည်က လျှပ်စစ်မီးသုံးတုန်းက မီတာဘောက် ထိန်းသိမ်းခဖိုး ကုန်ကျခံစရာ မလိုဘူး။ အခုတော့ ရွှေလီ ရေအားလျှပ်စစ်က မီးကို သုံးတော့မှ ကြေးငွေအမျိုးမျိုးတောင်းတာ ခံနေရတယ်။ မီးကလည်း ပုံမှန်မရပြန်ဘူး။ ဘာဖြစ်လို့ သုံးနေရသလဲဆိုတော့ အတင်းအကျပ် သုံးခိုင်းတာကိုး" (ထုတ်လုပ်ရေး လုပ်ငန်းပိုင်ရှင်တစ်ဦး)

လျှပ်စစ်ရရှိ သုံးစွဲနေသူ နမ့်ခမ်းမြို့နေ ပြည်သူတစ်ဦးကလည်း လျှပ်စစ်ဌာနဝန်ထမ်းများက ငွေညှစ်ခေါင်းပုံဖြတ်နေပုံကို မကျေမနပ်ဖြင့် ဖော်ပြပြောဆိုခဲ့သည်။

> "ကျေးရွာ လျှပ်စစ်ကော်မီတီနဲ့ လျှပ်စစ်ဌာန ဝန်ထမ်းတွေက အင်မတန် အကျင့်ပျက်ခြစားကြတယ်။ သူတို့က ရွာသားတွေ လျှပ်စစ်နဲ့ပတ်သက်လို့ ဘာမှမသိဘူးထင်နေကြတယ်။ သူတို့တောင်းတဲ့ အပိုအဖိုးအခတွေ မပေးရင်၊ အစိုးရကပေးတဲ့ လျှပ်စစ်ကိုသုံးခွင့်မရှိဘူး ဖြစ်နေကြတယ်" (နမ့်ခမ်းမြို့နေ ပြည်သူတစ်ဦး)

နိဂုံး

ရွှေလီမြစ်သည် ပလောင်(တအာင်း) လူမျိုးတို့၏ အသက်သွေးကြောပင် ဖြစ်သည်။ တည်ဆောက်ပြီးသည့် ဆည်နှင့် ထပ်မံတည်ဆောက်ဦးမည့် ဆည်များကြောင့် ဒေသခံလူထုများအတွက် အကျိုးအမြတ် အနည်းငယ်မျှသာ ရရှိပြီး၊ ဆိုးကျိုးများ စတင်ကြုံတွေ့ခံစားနေကြရပြီ ဖြစ်သည်။ အကယ်၍ လျာထားသည့် ရွှေလီမြစ်ပေါ်မှ နောက်ထပ် ဆည်(၂) ခုကို ထပ်၍ တည်ဆောက်မည် ဆိုပါက၊ လူပေါင်း (၁၅, ၀၀၀) ခန့် တိုက်ရိုက် ထိခိုက်နစ်နာကြရမည် ဖြစ်ပါသည်။ လူပေါင်း (၃,၀၀၀) ခန့် ကိုလည်း ပြောင်းရွှေ့အခြေချရန် အမိန့်ထုတ်ဆင့်ထားပြီး ဖြစ်သည်။ ဆည်တည်ဆောက်မည့် နေရာ အထက် ပိုင်းရှိ လူနေအိမ်ခြေများ၊ အထွင့်အမြတ်ထားရာ ဘုရားစေတီများ၊ ဘုန်းကြီးကျောင်းများ ရေလွှမ်းမိုးခံရမည် ဖြစ်သလို၊ လူအများ မှီခိုအားထားနေရသည့် တိုင်းရင်းပရဆေးပင်များ ပေါက်ရောက်ရာ သစ်တောများလည်း ရေလွှမ်းခံကြရမည် ဖြစ်ပါသည်။ ရွှေလီမြစ်၏ ဂေဟစံနစ် တစ်ခုလုံး ထိခိုက်ပျက်စီးမည် ဖြစ်ပြီး၊ ငါးဖမ်းစားသောက်နေရသူ တံငါများ၊ လယ်သမားများ၏ သက်မွေးဝမ်းကြောင်း လုပ်ငန်းများအပေါ်တွင်လည်း ခြိမ်းခြောက်မှု ရှိနေပါသည်။

ဆည်များနှင့်ပတ်သက်၍ သတင်းအချက်အလက်များလည်း အနည်းငယ်မျှသာ သိရှိရပြီး၊ ထိခိုက် နစ်နာရမည့် ပြည်သူများနှင့် တိုင်ပင်အကြံရယူခြင်းလည်း မရှိပါ။ သဘာဝပတ်ဝန်းကျင်ထိခိုက် ပျက်စီးနိုင်ချေ အကဲဖြတ် စစ်ဆေးချက်များကိုလည်း လူသိရှင်ကြား ထုတ်ပြန်ခြင်း မရှိပါ။ ရွှေလီမြစ် ပေါ်တွင် နောက်ထပ်ဆည်များ တည်ဆောက်မည်ဆိုပါက ၎င်းရေစီး ဝင်နေသည့် မြန်မာနိုင်ငံ၏ ပင်မမြစ်တစ်စင်းဖြစ်သည့် ဧရာဝတီမြစ်၏ ရေစီးရေလာကိုလည်း ထိခိုက်စေမည်မှာ မုချဖြစ်ပါသည်။

သို့အတွက်ကြောင့် တအာင်းကျောင်းသား လူငယ်များအဖွဲ့ (TSYO)က တည်ဆောက်ရန် လျာထားသည့် ရွှေလီမြစ်ပေါ်မှ ဆည်စီမံကိန်းများကို ရပ်ဆိုင်းပါရန် တောင်းဆိုအပ်ပါသည်။

အကြံပြုချက်များ

တအာင်းပြည်သူများသို့

- စီမံကိန်းများနှင့်ပတ်သက်၍ ပို၍လေ့လာကြပါရန်နှင့် နောင်လာမည့် မျိုးဆက်များ အတွက် သဘာဝပတ်ဝန်းကျင် နှင့် ရွှေလီမြစ်ကို ပို၍ စောင့်ရှောက်ကြပါရန်။
- မိမိတို့အခွင့်အရေးအတွက် အတူတကွ ရပ်တည်လှုပ်ရှားကြပါရန်။

တအာင်းအမျိုးသား ပါတီ (TNP) သို့–

- နိုင်ငံရေးပါတီတစ်ခုအနေဖြင့် လွှတ်တော်အတွင်း သင့်လျော်စွာရပ်တည်၍ တအာင်းပြည်သူများ လိုအပ်ချက်နှင့် ယခုဖြစ်ပေါ်နေသည့် ရွှေလီဆည်များ၏ ဆိုးကျိုးအကျိုးဆက်များ အပါအဝင် ကြုံတွေ့နေရသည့် ပြဿနာများကို ဖြေရှင်းနိုင်ရေးအတွက် ၎င်းတို့၏ တာဝန်ဝတ္တရားများကို ဖြည့်ဆည်းကြပါရန်။
- တအာင်းပြည်သူလူထုများနှင့် ပိုမိုကောင်းမွန်သည့်ဆက်ဆံရေး၊ ယုံကြည်မှုကိုတည် ဆောက်၍ တအာင်းပြည်သူများ နေထိုင်မှုဘဝ၊ ဒေသခံ သက်မွေးဝမ်းကြောင်းလုပ်ငန်းများနှင့် သဘာဝ ပတ်ဝန်းကျင်ကို ဆက်လက်ထိန်းသိမ်းနိုင်ရေးအတွက် ကူညီပံ့ပိုးပေးပါရန်။

မြန်မာနိုင်ငံ စစ်အစိုးရသို့

- ရွှေလီမြစ်ပေါ်တွင် တည်ဆောက်ရန် လျာထားသည့် ဆည်စီမံကိန်းများကို ဖျက်သိမ်းပါ ရန်။ ၎င်းဆည်များနှင့် ပတ်သက်၍ ဖြစ်ပေါ်နေသည့် လူ့အခွင့်အရေးချိုးဖောက်မှုများ အားလုံး ရပ်ဆိုင်းပါရန်။
- စီမံကိန်းများတွင် ပို၍ပွင့်လင်းမြင်သာမှု၊ ထိခိုက်ခံရ၍ နစ်နာမည့်ပြည်သူများနှင့် တိုင်ပင်အကြံ ရယူပြီး ၎င်းတို့ထံမှ သိရှိနားလည်၍ ပေးသော သဘောတူညီမှု လိုအပ်နေပြီး၊ စီမံကိန်းများ မစတင်မီကပင် ဆောင်ရွက်ထားရမည် ဖြစ်ပါသည်။ အစိုးရတစ်ခုအနေဖြင့် ၎င်း၏ ပြည်သူများကို ကာကွယ်ပေးရန် တာဝန်ရှိပြီး၊ လူ့အခွင့်အရေးချိုး ဖောက်မှုများ မကျူးလွန် သင့်ပါ။
- သဘာဝအရင်းအမြစ်များကို အခြားနိုင်ငံများသို့ ရောင်းချခြင်းဖြင့် ၎င်းတို့၏ အိတ်များ ငွေဖြည့်တင်းနေမှု၊ ပြည်သူ များအတွက် အကျိုးအမြတ် မဖြစ်စေမည့် လုပ်ရပ်များကို ရပ်ဆိုင်းပါ။
- ယခုစီမံကိန်းများအတွက် သိမ်းယူထားသည့်မြေများကို နစ်နာရသူများထံ ပြန်လည်ပေး အပ်ပါရန်။
- တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် အပစ်အခတ် ရပ်စဲရန်။ တပ်ဖွဲ့များကို ပြန်လည်ရုပ်သိမ်း၍ ဆက်လက်ဖြစ်ပွားနေရသည့် ပြည်တွင်းစစ်၏ ပြဿနာကို အဖြေရှာနိုင်ရန် စစ်မှန်သော တွေ့ဆုံ ဆွေးနွေးမှုများ ပြုလုပ်ပါရန်။

ဟွာနင်း လန်းကန်းကုမ္ပဏီနှင့် တရုတ်နိုင်ငံ အစိုးရသို့

- ရွှေလီ အမှတ် (၂) ရေအားလျှပ်စစ် စီမံကိန်းကို ရပ်ဆိုင်းပါရန်။ အကြောင်းမှာ တရုတ်နိုင်ငံဥပဒေအရ ပြဋ္ဌာန်း ထားသည့် သဘာဝ ပတ်ဝန်းကျင် ထိခိုက်သက်ရောက်မှု အကဲဖြတ်ချက်များ၊ ပြည်သူလူထု ပါဝင်ဆောင်ရွက်ခွင့် နှင့် သင့်လျော်သည့် လျော်ကြေးပေးဆောင်မှု ကင်းမဲ့နေသောကြောင့် ဖြစ်သည်။

ဆွစ်ဇာလန်နိုင်ငံမှ ကိုလန်ကို စွမ်းအင် အင်ဂျင်နီယာကုမ္ပဏီသို့

- ရွှေလီ အမှတ် (၃) ရေအားလျှပ်စစ် စီမံကိန်းတွင် ပါဝင်ပတ်သက်နေမှုကို ချက်ချင်း ရပ်ဆိုင်းပါရန်။ ကုမ္ပဏီအနေ ဖြင့် ၎င်းတို့၏မူရင်းနိုင်ငံတွင် ဆောင်ရွက်စဉ်က လိုအပ်ချက်အတိုင်း တူညီသောအဆင့်ဖြင့် ပွင့်လင်းမြင်သာမှု၊ တာဝန်ယူ တာဝန်ခံမှုများကို လိုက်နာဆွဲကိုင် ကျင့်သုံးပါရန်။

နိုင်ငံရပ်ခြား အစိုးရများ၊ ကုလသမဂ္ဂနှင့် အာဆီယံအသင်းသို့

- မြန်မာစစ်အစိုးရနှင့် နောက်ထပ် သံတမန်ရေးအရ၊ စီးပွားရေးအရ ချည်းကပ်ဆက်ဆံမှုများ မပြုမီတွင် လိုအပ် သည့် တောင်းဆိုမှုတစ်ခု အနေဖြင့်၊ တစ်နိုင်ငံလုံး အတိုင်းအတာဖြင့် အပစ်အခတ်ရပ်စဲရေးကို ဖော်ဆောင်ရန်၊ ဆက်လက်ဖြစ်ပွားနေသည့် ပြည်တွင်းစစ်၏ ပြဿ နာကို အဖြေရှာနိုင်ရန် တိုင်းရင်းသားခေါင်းဆောင်များနှင့် စစ် မှန်သော တွေ့ဆုံဆွေးနွေးမှုများ ပြုလုပ်ပါရန် တောင်းဆိုပါရန် တိုက်တွန်း အကြံပြုအပ်ပါသည်။

နောက်ဆက်တွဲများ

ရွှေလီမြစ်ပေါ်တွင် ဆည် (၂) တည်ဆောက်ရန် ယနေ့ကာလအထိ သိမ်းပိုက်ခံရသော မြေယာများ

မြေအမျိုးအစား	ပမာဏ (ဧက)	ထိခိုက်နစ်နာသည့် မိသားစု	သိမ်းပိုက်သူ	အကြောင်းပြချက်
ဗတောင်ယာများ	၂၀	တအာင်းမိသားစု ၁၂ စု	ခမရ (၁၄၄)	စစ်စခန်းနှင့် စစ်တပ်ပိုင် ခြံစိုက်ပျိုးရေး
လက်ဖက်၊ စပါးခင်း နှင့် တောင်ယာများ၊ သစ်တောများ	>၇၂	တအာင်း၊ ကချင်၊ ရှမ်း မိသားစု ၃၀ စု	အေးရှားဝေါ ကုမ္ပဏီနှင့် ခမရ (၁၄၄)	ဆည် (၁) မှ (၂) သို့ ဆက်သွယ်ရေး လမ်းသစ်ဖောက်ရန်
လက်ဖက်ခင်း နှင့် တောင်ယာ	>၃၃	တအာင်းမိသားစု ၁၀ စု	အေးရှားဝေါ ကုမ္ပဏီနှင့် ဟွာနင်း (Huaneng)	ဆည်တည်ဆောက် ရေးလုပ်သားများ အိမ်ယာ
ယာမြေနှင့် သစ်တော ဧရိယာ	> ၆၀	တအာင်း၊ ကချင် မိသားစု ၂၀ စု	အေးရှားဝေါ ကုမ္ပဏီနှင့် ဟွာနင်း (Huaneng)	ဆည်တည်ဆောက် ရန်
ရပ်ရွာပိုင် သစ်တော	<၆၀	တအာင်း၊ ကချင်၊ ရှမ်း မိသားစု ၂၅ စု	တရုတ်ကုမ္ပဏီနှင့် ခမရ (၁၄၄)	စမ်းသပ်တွင်း တူးရန်
စုစုပေါင်း	၂၆၅ ဧက			

ရွှေလီကာတာအမှတ် (၂) ရေလွှမ်းမိုးမှုကြောင့်ဆိုးကျိုးသက်ရောက်မည့်ဒေသများ

ရေလွှမ်းခံရမည့်မြေအမျိုးအစား	ပမာဏ (ဧက)	ထိခိုက်နစ်နာရသည့် မိသားစုများ	ရွာ
စပါးစိုက်မြေ၊ ဟင်းသီးဟင်းရွက်ဥယျာဉ်များ၊ လက်ဖက်ခြံများ	၁၀၀ ဧက	၃၀ တအာင်း မိသားစုများ	သွန်ပုတ်ရွာ
စပါးစိုက်မြေ၊ ဟင်းသီးဟင်းရွက်ဥယျာဉ်များ၊ လက်ဖက်ခြံများ	၁၅၀ ဧက	၄၂ တအာင်း၊ ရှမ်း နှင့်ကချင်မိသားစုများ	ပြင်လုံရွာ
စပါးစိုက်မြေ၊ ဟင်းသီးဟင်းရွက်ဥယျာဉ်များ၊ လက်ဖက်ခြံများ	၈၀ ဧက	၃၅ တအာင်းနှင့် ရှမ်းမိသားစုများ	စောလုံရွာ
စပါးစိုက်မြေ၊ ဟင်းသီးဟင်းရွက်ဥယျာဉ်များ၊ လက်ဖက်ခြံများ	၇၀ ဧက	၁၉ တအာင်း မိသားစုများ	အောက်ကားရွာ

ရေလွှမ်းခံရမည့်မြေအမျိုးအစား	ပမာဏ (ဧက)	ထိခိုက်နစ်နာရသည့် မိသားစုများ	ရွာ
စပါးစိုက်မြေ၊ ဟင်းသီးဟင်းရွက်ဥယျာဉ်များ။ လက်ဖက်ခြံများ	၇၀ ဧက	၂၇ တအာင်းနှင့်ရှမ်းမိသားစုများ	ကောင်းစုံရွာ
ရပ်ရွာပိုင်သစ်တော်များ	၁၅၀၀ ဧက	၃၂၀ မိသားစုများ	အထက်တွင်ဖော်ပြထားသောရွာအားလုံးပေါင်း
စုစုပေါင်း	၂၀၀၀ ဧက		

ရွှေလီမြစ်ပေါ်တွင် ဆည် (၃) တည်ဆောက်ရန် ယနေ့ကာလအထိ သိမ်းပိုက်ခံရသော မြေယာများ

မြေအမျိုးအစား	ပမာဏ (ဧက)	ထိခိုက်နစ်နာရသည့် မိသားစုများ	သိမ်းပိုက်သူ	အကြောင်းပြချက်
စပါးစိုက်မြေ၊ ဟင်းသီး ဟင်းရွက်ဥယျာဉ်များ၊ ရပ်ရွာပိုင်သစ်တော	၁၄၅	တအာင်း၊ ရှမ်းနှင့် ကချင်၊ ဗမာ မိသားစု များ	စစ်အစိုးရနှင့် ကုမပ္ပဏီများ	ဆည်တည်ဆောက်ရန်
စပါးစိုက်မြေနှင့် ပြောင်းဖူးခြံများ	၁၀	တအာင်း၊ ရှမ်းနှင့် ကချင် မိသားစုများ	ခမရ (၁၀၂/ ၁၃၀)	စစ်စခန်း ဆောက်ရန်
စပါးစိုက်မြေနှင့် ဟင်းသီး ဟင်းရွက်ဥယျာဉ်များ၊	၁၀	တအာင်း၊ ရှမ်း မိသားစုများ	ကုမပ္ပဏီများ	အလုပ်သမားများ အတွက် အိမ်ယာ ဆောက်လုပ်ရန်
စပါးစိုက်မြေနှင့် ဟင်းသီး ဟင်းရွက်ဥယျာဉ်များ၊	၄၀	တအာင်း၊ ရှမ်းနှင့် ကချင်၊ ဗမာ မိသားစု များ	ကုမပ္ပဏီများ	တည်ဆောက်ရေး ထရပ်ယာဉ်များ နားနေရာနေရာ ဆောက်လုပ်ရန်
စပါးစိုက်မြေ၊ ဟင်းသီး ဟင်းရွက်ဥယျာဉ်များ၊ ရပ်ရွာပိုင်သစ်တောများ	၅၀	တအာင်း၊ ရှမ်း မိသားစုများ	ကုမပ္ပဏီများနှင့် စစ်တပ်	လမ်းသစ်ဖောက်ရန်
ရပ်ရွာပိုင်သစ်တောများ	၂၃၀	တအာင်း၊ ရှမ်းနှင့် ကချင် မိသားစုများ	ကုမပ္ပဏီများနှင့် စစ်တပ်	သစ်ထုတ်လုပ်ရန်
စုစုပေါင်း	၅၀၁ ဧက			

အောက်ခြေမှတ်စုများ။

[1] ရွှေလီ အမှတ် (၁) ရေအားလျှပ်စစ်စီမံကိန်းနှင့် ပတ်သက်၍ အသေးစိတ် လေ့လာချက်များကို ၂၀၀၇ ခုနှစ်၊ တအာင်း ကျောင်းသားလူငယ်များ အဖွဲ့မှ ထုတ်ဝေသည့် စစ်ဖိနပ်အောက်တွင် (Under the Boot) အမည်ရှိ အစီရင်ခံစာတွင် ဖတ်ရှုနိုင်ပါသည်။ http://burmariversnetwork.org/images/stories/publications/english/underthebootenglishwithcover.pdf

[2] http://moep1.wordpress.com/

[3] တအာင်းဒေသတွင် ဘိန်းစိုက်ပျိုးနေခြင်းနှင့် မူးယစ်ဆေးစွဲခြင်း၏ ကြီးလေးသော နောက်ဆက်တွဲပြဿနာကို ပိုမိုသိရှိ လိုပါက ပလောင်အမျိုးသမီးအစည်းအရုံးမှ ထုတ်ဝေဖြန့်ချိသည့် အဆိပ်သင့်ပန်းများ (Poisoned Flowers) (၂၀၀၆), အဆိပ်သင့်တောင်ကုန်းများ (Poisoned Hills) (၂၀၁၀) နှင့် အဆိပ်သင့်နေဆဲ (Still Poisoned) (၂၀၁၁) Palaung ကို ကြည့်ပါ။ www.palaungwomen.com တွင် ရယူနိုင်ပါသည်။

[4] ပန်းဆေးကျော်မြင့် (ခေါ်) ဦးဝင်းမောင်သည် ပြည်သူ့စစ် လက်နက်ကိုင်တပ်ဖွဲ့ခေါင်းဆောင် တစ်ဦးဖြစ်ပြီး၊ ၂၀၁၀ ရွေးကောက်ပွဲတွင် လွှတ်တော်အမတ်တစ်ဦးအဖြစ် ရွေးချယ်ခံရသူလည်း ဖြစ်သည်။ ၎င်းက နမ့်ခမ်းမြို့နယ်၊ ပန်းဆေး ဒေသတဝိုက်တွင် ဘိန်းစိုက်ပျိုးမှုနှင့် မူးယစ်ဆေး ရောင်းဝယ်မှုကို ချုပ်ကိုင်ထားသည်။

[5] ရှမ်းပြည်နယ်အတွင်းမှ ရေအားလျှပ်စစ် အလွဲအချော်များ The Irrawaddy, July 22, 2010.

[6] http://www.palaungwomen.com/index.php?option=com_content&view=article&id=230:2011-07-29-09-19-23&catid=3:latest-news&Itemid=18

မှတ်ချက်။ ။တရုတ်နိုင်ငံအတွင်းရှိ ရွှေလီမြစ်ပေါ်မှ ဆည်များအကြောင်း သတင်းအချက်အလက်များနှင့် ပတ်သက်၍ ပိုမိုသိရှိလိုပါက High and Dry: The trans-boundary impacts of China’s Longjiang Dams အစီရင်ခံစာကို ကြည့်ပါ။ အင်တာနက်စာမျက်နှာ http://burmariversnetwork.org/resources/publications.html တွင် ရယူနိုင်သည်။

တအာင်းကျောင်းသားလူငယ်များအစည်းအရုံးအကြောင်း

တအာင်းကျောင်းသားလူငယ်များအစည်းအရုံး (TSYO)သည် အကျိုးအမြတ်မယူသည့် အဖွဲ့အစည်းတစ်ခု ဖြစ်ပြီး၊ တအာင်းပြည်သူများ၊ အထူးသဖြင့် လူငယ်များ၏ လူနေမှုဘဝ တိုးတက်လာစေရန်၊ ငြိမ်းချမ်းရေး၊ တရားမျှတရေး၊ တန်းတူညီမျှမှု ပေါ်ထွန်းလာစေရန် ရည်သန်၍ ဆောင်ရွက်နေပါသည်။ တအာင်းကျောင်းသားလူငယ်များအစည်းအရုံး (TSYO) သည် လူ့အခွင့်အရေးချိုးဖောက်ခံနေရသည့်၊ သဘာဝပတ်ဝန်းကျင် ဖျက်ဆီးခံနေရသည့်၊ သဘာဝသယံဇာတရင်းမြစ်များကို ရေရှည်တည်တံ့မှု မရှိနိုင်လောက်အောင် ဖျက်ဆီးခံနေရသည့် တအာင်းဒေသမှ ရပ်ရွာလူမှုအသိုက်အဝန်းများကို ကာကွယ်ပေးနိုင်ရန် ရည်ရွယ် ဆာင်ရွက် နေပါသည်။ ဤသို့ဆောင်ရွက်နိုင်ရန် တအာင်း ကျောင်းသားလူငယ်များ၏ အရည်အသွေးကို မြှင့်တင်ပေးနေပါသည်။ တအာင်းကျောင်းသားလူငယ်များအစည်းအရုံး(TSYO)၏ ရည်မှန်းချက် များမှာ –

- တအာင်းဒေသတွင် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးမှုအတွက် ရည်သန်လုပ်ဆောင်ရန်။
- တအာင်းလူငယ်များအကြား ခေါင်းဆောင်များ ထွက်ပေါ်လာစေရန်။
- ကျား–မ လိင်တန်းတူရေး ရရှိစေရန်။
- မြန်မာနိုင်ငံတွင် စစ်အာဏာရှင်စနစ် နိဂုံးချုပ် အဆုံးသတ်စေရန်။
- တန်းတူမှုနှင့် ကိုယ်ပိုင်ပြဌာန်းခွင့်ရှိသည့် စစ်မှန်သော ဖက်ဒရယ်၊ ဒီမိုကရေစီနိုင်ငံ ပေါ်ထွန်းစေရန်တို့ ဖြစ်ပါသည်။

တအာင်းကျောင်းသားလူငယ်များအစည်းအရုံး (TSYO) သည် ကျန်းမာရေး၊ ပညာရေး၊ ရပ်ရွာ လူမှုအဖွဲ့အစည်းဖွံ့ဖြိုးရေး၊ လူ့ အခွင့်အရေးနှင့် သဘာဝပတ်ဝန်းကျင်ရေးရာ ကိစ္စများတွင် လုပ်ရှားဆောင်ရွက်နေပါသည်။ တအာင်းသဘာဝပတ်ဝန်းကျင်လုပ်ရှားမှုအဖွဲ့ (Ta’ang and Environmental Action) သည် တတအာင်းကျောင်းသားလူငယ်များအစည်းအ ရုံး (TSYO)၏ ဌာနခွဲတစ်ခုဖြစ်ပြီး၊ တအာင်းဒေသတွင် သဘာဝရင်းမြစ်များနှင့် ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ရေးအတွက် ဆောင်ရွက်လုပ်ရှားလျက် ရှိပါသည်။

တအာင်းကျောင်းသားလူငယ်များအစည်းအရုံး (TSYO) သည် မြန်မာနိုင်ငံ မြစ်များဆိုင်ရာ ကွန်ရက်အဖွဲ့ (BRN) ၏ အဖွဲ့ဝင်တစ်ဦး ဖြစ်ပါသည်။

ကျေးဇူးတင်လွှာ

ရွှေလီမြစ်ပေါ်ရှိ ဆည်များတည်ဆောက်ရာ နေရာအနီးတွင် ထိခိုက်နစ်နာခံစားနေရသည့် ပြည်သူများအပေါ် သူတို့၏ ဖြစ်ရပ်များနှင့် အမြင်များကို မိမိတို့ သုတေသီများထံ ဝေငှပြောကြားခဲ့ကြသည့်အပေါ် မိမိတို့က အထူးကျေးဇူးတင်ရှိ ကြောင်း ဖော်ပြလိုပါသည်။ ထို့ အပြင် အကြံပေးထောက်ပြမှုများ ပြုခဲ့ကြသည့် ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး (PSLF) နှင့် ပလောင်အမျိုးသမီး အစည်းအရုံး (PWO) အဖွဲ့ဝင်များနှင့် မိမိတို့ရုံးရှိ စေတနာ့ဝန်ထမ်း ကက်ဗီနာမက်ဒစ် (Kevina Maddick) တို့ကိုလည်း အထူးကျေးဇူးတင်ရှိပါသည်။ ယခုအစီရင်ခံစာတွင် ဖော်ပြထားသည့် ဓာတ်ပုံများကို အသုံးပြုလိုပါက (TSYO) ထံမှ ကျေးဇူးပြု၍ ခွင့်တောင်းစေလိုပါသည်။

သတင်းအချက်အလက်များ ပိုမိုသိရှိလိုပါက
www.palaungland.org
www.burmariversnetwork.org သို့ ကြည့်ရှုနိုင်ပါသည်။

ရွှေလီမြစ်သည် တအာင်း(ပလောင်)ပြည်သူများ၏ အသက်သွေးကြောဖြစ်ပြီး၊ မြန်မာနိုင်ငံရှိ ဧရာဝတီမြစ်၏ အရေးပါသည့် မြစ်လက်တက်တစ်ခု ဖြစ်သည်။ ယခုအခါ ရေအားလျှပ်စစ်ဆည်ကြီးများစွာ တည်ဆောက်၍ ရွှေလီမြစ်ကို ချုပ်ငင်သွေးကြောပိတ်ဆို့စေတော့မည် ဖြစ်ပါသည်။ ပထမဦးဆုံး ရွှေလီမြစ်ပေါ်မှဆည်ကို ၂၀၀၈ ခုနှစ်တွင် တည်ဆောက်ပြီးစီးခဲ့ရာ၊ မြန်မာနိုင်ငံမှ ပြည်သူများအတွက် လက်တွေ့အကျိုးရှိမှု စိုးစဉ်းမျှသာ ရှိခဲ့ပါသည်။ သို့သော်လည်း တရုတ်နှင့် ဆွစ်ကုမပ္ပဏီများက ရွှေလီမြစ်ပေါ်တွင် နောက်ထပ် ရေအားလျှပ်စစ်ထုတ်ယူရန် ဆည် ၂–ခုကို တည်ဆောက်ရန် ပြင်ဆင်အစီအစဉ်ချလျက်ရှိနေပါသည်။ ယခုဆည်များသည် စစ်ပွဲများဖြစ်ပွားနေဆဲဒေသ၏ အလယ်တွင် တည်ရှိနေပြီး၊ ၎င်းဆည်များကြောင့် တိုင်းရင်း သားလူမျိုးစုများနှင့် ပဋိပက္ခများလည်း ပိုမိုပြင်းထန်လာဖို့အကြောင်း ရှိနေပါသည်။ ယခုအစီရင်ခံစာတွင် ရွှေလီမြစ်ပေါ်မှ ဆည်များနှင့် ပတ်သက်၍ မည်သည့်အခြေအနေ ရှိနေသည်၊ ရွှေလီမြစ်ကို မှီခိုရှင်သန်နေကြရသည့် ပြည်သူများအဖို့ ဆည် များကြောင့် မည်သို့ဒုက္ခကြုံရနိုင်ပုံကို တင်ပြထားပါသည်။